# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 16 September 2026 ၁၂၃၀၃




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး နိုင်ငံစီးပွားရေးအားကောင်းရန် အတူတကွ ဝိုင်းဝန်းကြိုးပမ်း

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## လူကြိုက်များသည့် ချယ်ရီပန်း Design YPS Card များ YPS အရောင်းကောင်တာများတွင် ပြန်လည်ဝယ်ယူနိုင်

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်မြို့တွင်း YBS ယာဉ်များ စီးနင်းရာတွင် ယာဉ်စီးခပေးချေနိုင်သည့် YPS Card များအနက် လူကြိုက်များသည့် ချယ်ရီပန်း Design ဖြင့် ထုတ်လုပ်ထားသော YPS Card များကို YPS အရောင်းကောင်တာများ၌ ပြန်လည်ဝယ်ယူနိုင်ပြီ ဖြစ်သည်။

အဆိုပါ ချယ်ရီပန်း Design YPS Card များသည် အသုံးပြုရလွယ်ကူသည့်အပြင် ဒီဇိုင်းလှပသောကြောင့် ကိုယ်တိုင်အသုံးပြုရန်အတွက်သာမက လက်ဆောင်အဖြစ်ပေးအပ်ရန်အတွက်ပါ အသုံးဝင်သည့် Card များဖြစ်ပြီး YPS Card များကို ဆူးလေ၊ သခင်မြပန်းခြံ၊ မြန်မာပလာဇာ၊ လှည်းတန်း၊ ရှစ်မိုင် (Junction 8 အရှေ့)၊ ပန်းဆိုးတန်း၊ သမိုင်းနှင့် မြေနီကုန်းတို့ရှိ YPS အရောင်းကောင်တာများတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○


## မိဘ ဆရာ ပူးပေါင်း ကျောင်းသား ကျောင်းသူများ ပညာအရည်အသွေး ပိုမိုကောင်း

ဆောင်းပါး စာမျက်နှာ » ၆

## အနောက်တောင်မုတ်သုံလေ ဆုတ်ခွာ

နေပြည်တော် စက်တင်ဘာ ၁၅

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ မိုး/ဇလ




၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ အနောက်တောင်မုတ်သုံလေဆုတ်ခွာသည့်ရက်ပြပုံ

## ယနေ့ ဖတ်စရာ


**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၅

**မြစ်ကြီးနားမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ**

စာမျက်နှာ » ၁၀

**စိတ်ဖိစီးမှုကင်းမှသာ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်မှာ ....**

ဆောင်းပါး စာမျက်နှာ » ၁၇




မြန်မာ့ဆက်သွယ်ရေး B2B Satellite Terminal တပ်ဆင်ထားမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

# ဖလမ်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ကောင်းမွန်မြန်ဆန်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် မြန်မာ့ဆက်သွယ်ရေး B2B Satellite Terminal တပ်ဆင်ထား

ဖလမ်း စက်တင်ဘာ ၁၅

ချင်းပြည်နယ် ဖလမ်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ကောင်းမွန်မြန်ဆန်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် မြန်မာ့ဆက်သွယ်ရေး B2B Satellite Terminal တပ်ဆင်ထားပြီးဖြစ်သည်။

မြန်မာ့စီးပွားရေးဘဏ်တွင် B2B Satellite Terminal တပ်ဆင်ထားရှိမှု၊ ဆိုလာမီးတပ်ဆင်ထားရှိမှု၊ အဆောက်အအုံပြုပြင်ပြီးစီးမှုတို့ကို ယမန်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် စာမျက်နှာ ၄ ကော်လံ ၃ သို့ ❖

ကြေးမုံ

# ကမ္ဘာမြေကို အေးမြသာယာစေရေး ကမ္ဘာ့အိုဇုန်းလွှာကိုကာကွယ်ပေး

ကမ္ဘာမြေပြင်၏အထက် ခြောက်မိုင်မှ ၃၁ မိုင်အတွင်း ကမ္ဘာ့လေထု၏ ဒုတိယအလွှာတွင် သဘာဝအလျောက်ဖြစ်ပေါ်နေသော အိုဇုန်းလွှာရှိသည်။ အဆိုပါ အိုဇုန်းလွှာသည် နေရောင်ခြည်နှင့်အတူပါလာသော ခရမ်းလွန်ရောင်ခြည်သုံးမျိုး အနက် လူနှင့် သက်ရှိများအား အန္တရာယ်ဖြစ်စေနိုင်သော ခရမ်းလွန်ရောင်ခြည် UV-B ကို ၉၅ ရာခိုင်နှုန်းအထိလည်းကောင်း၊ UV-C ကို ၁၀၀ ရာခိုင်နှုန်းအထိ လည်းကောင်း စုပ်ယူစစ်ထုတ်ပေးနေသည့် သဘာဝအကာအကွယ်တစ်ရပ်အဖြစ် သက်ရှိလူသားများကို အကျိုးပြုလျက်ရှိသည်။

အိုဇုန်းလွှာသည် အောက်ဆီဂျင်အက်တမ်သုံးခုပါဝင်သည့် မော်လီကျူးတစ်ခု ဖြစ်ပြီး အပြာရောင်ဖျော့ဖျော့ရှိ၍ အနံ့ပြင်းသောဓာတ်ငွေ့ဖြစ်သည်။ အိုဇုန်းလွှာ သည် သက်ရှိလူသားများအား အကျိုးပြုလျက်ရှိသော်လည်း ကမ္ဘာမြေပေါ်တွင်ရှိပါ က လေထုညစ်ညမ်းမှုကိုဖြစ်စေသည်။ အိုဇုန်းလွှာသည် ကမ္ဘာမြေခြောက်မိုင်အထက် တွင်ရှိပါက သက်ရှိလူသားများအား အကျိုးပြုပြီး ခြောက်မိုင်အောက် ကမ္ဘာမြေပြင် အထက်တွင်ရှိပါက သက်ရှိလူသားများအား အန္တရာယ်ပေးနိုင်သည်ကို သတိမမူမိ ကြပေ။ စက်ရုံအလုပ်ရုံများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံများ၊ မော်တော်ယာဉ်များမှထုတ်လွှတ်သည့် ဓာတ်ငွေ့များတွင် အဓိကပါဝင်သည့် နိုက်ထရိုဂျင်အောက်ဆိုက်များ၊ အငွေ့ပြန်လွယ်သည့် အော်ဂဲနစ်ဒြပ်ပေါင်းများသည် နေရောင်ခြည်နှင့်ဓာတ်ပြုပြီး ကမ္ဘာမြေပြင်မှ ငါးမိုင်အတွင်း တည်ရှိနေသည်။

လူနှင့်သက်ရှိတို့ကို ခရမ်းလွန်ရောင်ခြည်မှ အကာအကွယ်ပေးနေသော အိုဇုန်းလွှာသည် လူတို့အသုံးပြုနေကြသော ရေခဲသေတ္တာနှင့် လေအေးပေးစက်များ တွင် အများဆုံးအသုံးပြုသည့် ကလိုရင်း၊ ဖလိုရင်းနှင့် ကာဗွန်တို့ပါဝင်သော ကလိုရို ဖလူရိုကာဗွန်ဒြပ်ပေါင်းများကြောင့် ပျက်စီးကြောင်းကို ၁၉၇၄ ခုနှစ်တွင် သိပ္ပံ ပညာရှင်များက စတင်တွေ့ရှိခဲ့သည်။ နောက်ပိုင်းတွင် ကလိုရင်း၊ ဖလိုရင်းအပြင် ဘရိုမင်းပါဝင်သော ဒြပ်ပေါင်းပစ္စည်းများလည်း အိုဇုန်းလွှာကို ပျက်စီးစေနိုင်ကြောင်း ဆက်လက်တွေ့ရှိခဲ့သည်။ အိုဇုန်းလွှာ၏ အနိမ့်ဆုံးပျမ်းမျှအထူမှာ ၂ ဒသမ ၂ မီလီ မီတာဖြစ်ပြီး ၎င်းထက် လျော့နည်းလာခြင်းကို အိုဇုန်းလွှာပျက်စီးခြင်း သို့မဟုတ် အိုဇုန်းလွှာပေါက်ပြဲခြင်းဟု ခေါ်သည်။ ၁၉၈၅ ခုနှစ်တွင် သိပ္ပံပညာရှင်များက ကမ္ဘာ့ ပထမဆုံး အိုဇုန်းလွှာအပေါက်ကို အန္တာတိကတိုက်အပေါ်တွင် စတင်တွေ့ရှိခဲ့သည်။

အိုဇုန်းလွှာပျက်စီးခြင်းကြောင့် အရေပြားကင်ဆာ၊ မျက်စိတိမ်စွဲခြင်းနှင့် ကိုယ်ခံအားကျဆင်းမှုများ ဖြစ်ပေါ်နိုင်သည့်အပြင် သီးနှံအထွက်နှုန်းကျဆင်းမှု၊ အဏ္ဏဝါဂေဟစနစ်ပျက်စီးမှုနှင့် ရုပ်ဝတ္ထုများ ယိုယွင်းပျက်စီးစေနိုင်သည်။ ခရမ်းလွန် ရောင်ခြည်ကျရောက်မှုကြောင့် ကမ္ဘာတစ်ဝန်း၌ နှစ်စဉ် လူဦးရေ နှစ်သန်းမှ သုံးသန်းအထိ အရေပြားကင်ဆာဖြစ်ပွားလျက်ရှိပြီး နှစ်စဉ် ခန့်မှန်းလူဦးရေ ၆၆၀၀၀ ခန့် သေဆုံးလျက်ရှိကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင်အစီရင်ခံစာအရ သိရသည်။ ၎င်းအပြင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းအများစုသည် ကမ္ဘာကြီး ပူနွေးမှုအညွှန်းကိန်းမြင့်မားပြီး အင်အားကြီးသော မှန်လုံအိမ်ဓာတ်ငွေ့ဖြစ်လာ သောကြောင့် အိုဇုန်းလွှာကို ပျက်စီးစေသောဒြပ်ပစ္စည်းများ အလွန်အကျွံအသုံးပြု ခြင်းသည် ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသော အဓိကအကြောင်းတစ်ရပ်ဖြစ်သည်။

ယခုအခါ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီးတွင် အလွန်ပြင်းထန်သည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရသည်ကို မကြာခဏ တွေ့မြင်ကြရမည် ဖြစ်သည်။ အိုဇုန်းလွှာပျက်စီးခြင်းကို ကမ္ဘာ့နိုင်ငံများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြ ရန် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို ၁၉၈၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများထိန်းချုပ်ရေး ဆိုင်ရာ မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်ကို ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် အတည်ပြုချုပ်ဆိုခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ သို့သော် ကမ္ဘာပေါ် တွင် တစ်နေ့တခြား လူဦးရေတိုးပွားလာမှုနှင့်အတူ ခေတ်မီတိုးတက်လာသည် နှင့်အမျှ အိုဇုန်းလွှာပျက်စီးစေသော အသုံးအဆောင်ပစ္စည်းများကို ပိုမိုအသုံးပြု လာကြရာ ကမ္ဘာကြီးပူနွေးမှု ပိုမိုများပြားလာပြီး သက်ရှိလူသားများ ပျက်စီးစေသည့် အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်လာရသည်။

ယခုအခါ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၂၀၁၉-၂၀၂၀ ခုနှစ်မှစတင်၍လည်းကောင်း၊ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၂၉ ခုနှစ်မှစတင်၍လည်းကောင်း အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများကိုလျှော့ချခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှု ကာကွယ်ထိန်းချုပ်ခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်းကိုပါ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ဖြစ်ရာ အိုဇုန်းလွှာပျက်စီးစေခြင်းကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် နိုင်ငံအစိုးရများက ကြိုးပမ်းဆောင်ရွက်နေကြသလို ကမ္ဘာပေါ်ရှိ ပြည်သူများအနေဖြင့်လည်း သက်ရှိလူသားများကို အန္တရာယ်ပြုခြိမ်းခြောက်နေသော အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများအသုံးပြုမှုကို အသိတရားဖြင့် ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါ်အေးသီတာမျိုး | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်<br>စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဦးသက်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၃) | ဦးလှိုင်ဝင်းမောင် | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |

## ၁၅ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ်** ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅ - ၉ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၅၀၀ | ၁,၀၂၂ | ၁၈,၈၇၅,၀၀၀ |
| MTSH | ၈,၆၀၀ | ၈,၆၀၀ | ၅,၃၉၇ | ၄၆,၄၁၄,၇၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၅၈၆ | ၇,၆၁၈,၅၀၀ |
| FPB | ၇,၀၀၀ | ၆,၈၀၀ | ၃၂၈ | ၂,၂၃၀,၈၀၀ |
| TMH | ၃,၂၅၀ | ၃,၂၅၀ | ၃၀၀ | ၉၇၅,၀၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၁,၇၉၈ | ၃,၃၂၆,၃၀၀ |
| AMATA | ၄,၁၀၀ | ၄,၁၀၀ | ၁၃၇ | ၅၆၁,၈၀၀ |
| MAEX | ၆,၆၀၀ | ၆,၆၀၀ | ၄၈၇ | ၃,၂၁၄,၄၀၀ |
| MADPL(PLB) | ၆,၅၀၀ | ၆,၅၀၀ | ၁၇၈ | ၁,၁၅၇,၀၀၀ |
| ASPGB(PLB) | ၆,၄၀၀ | ၆,၁၀၀ | ၁၀,၃၃၅ | ၆၂,၇၄၈,၇၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် နိုင်ငံတော်တွင် အတူတကွမှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ကိုယ်စီအသိရှိစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်**

☆ **ရှေ့ဖုံးမှ**

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံတကာ ပြည်ပခရီးစဉ်များ အတွေ့အကြုံများမှတစ်ဆင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတုယူသင့်သည်များကို အတုယူ၍ အကောင်အထည်ဖော်ဆောင်သွားကြရန်**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် မကြာမီရက်များအတွင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် သက်ဝင်ယုံကြည်မှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများ တူညီမှုရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်ရာတွင်လည်း အခက်အခဲများစွာကို ကြုံတွေ့ကျော်ဖြတ်ခဲ့ကြရကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် စစ်ပွဲဒဏ်နှင့် အရေးယူပိတ်ဆို့ ကန့်သတ်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသည့်ကြားမှ ဒွိုင်မွိုင်း (Doi Moi) စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒကို နှစ်ပေါင်း ၄၀ ခန့် အကောင်အထည်ဖော်ပြီးနောက် စီးပွားရေးနှင့်ပတ်သက်၍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရကြောင်း၊ ၎င်းတို့အနေဖြင့် မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်ထားရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ခေတ်မီစက်မှုလုပ်ငန်းများနှင့် အထက်တန်း-အလယ်အလတ်ဝင်ငွေရှိသော ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်လာစေရန်နှင့် ၂၀၄၅ ခုနှစ်တွင် ဝင်ငွေမြင့်မားသော ဖွံ့ဖြိုးပြီး နိုင်ငံဖြစ်လာစေရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

ဗီယက်နမ်ပြည်သူများအနေဖြင့် အခက်အခဲများ၊ ပိတ်ဆို့မှုများကြားမှ နိုင်ငံချစ်စိတ်၊အမျိုးကိုမြှင့်တင်လိုစိတ်များဖြင့် အမှန်တကယ် ကြိုးပမ်းအားထုတ်အလုပ်လုပ်ခဲ့မှုများကြောင့် တိုးတက်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်ကို မိမိတို့အနေဖြင့် အတုယူဖွယ် တွေ့မြင်ခဲ့ရကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်းနှင့် ကြိုးစားအားထုတ်မှုရှိခြင်း တို့သည်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေသည်ကို တွေ့မြင်ရကြောင်း၊ ယခုမိမိ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံရေးကို လက်တွေ့ကျကျဖွံ့ဖြိုး တိုးတက်လာနိုင်မည့် ဆွေးနွေးမှုရလဒ်ကောင်းများကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထားပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ဗီယက်နမ်နိုင်ငံကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံသည်လည်း အခက်အခဲပေါင်းများစွာကြားမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအားထုတ်ခဲ့ရပြီး ယခုအခါ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံ၍ နိုင်ငံစီးပွားရေးကို ဆောင်ရွက်သည့်နိုင်ငံတစ်ခုဖြစ်ပြီး စပါးစိုက်ပျိုး၍ ပြည်ပသို့တင်ပို့လျက်ရှိသကဲ့သို့ ရော်ဘာ၊ ငှက်ပျောနှင့် သီဟိုဠ်စေ့များကိုလည်း စီးပွားဖြစ်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယခုအခါ ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရတည်ငြိမ်အေးချမ်းမှုရှိခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ မိမိအနေဖြင့် သမိုင်းဝင် UNESCO စာရင်းဝင် အန်ကောရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ အန်ကောဝပ်ဘုရားကျောင်းတော်နှင့် ဘေရွန်ဘုရားကျောင်းတော်သို့လည်း သွားရောက်လေ့လာကြည့်ရှုခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ရှေးဟောင်းသမိုင်းဝင်နေရာများကို စနစ်တကျထိန်းသိမ်းထားရှိပြီး ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သဖြင့် နိုင်ငံ၏ခရီးသွားလုပ်ငန်းအတွက်များစွာ အကျိုးဖြစ်ထွန်းပြီး နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိခဲ့ရကြောင်း။

ခရီးစဉ်များသွားရောက်ခဲ့စဉ် ဖွံ့ဖြိုးတိုးတက်မှုရရှိခြင်း၏ အဓိကအကြောင်းရင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိခြင်းပင်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှလုံး လုံခြုံအေးချမ်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ခြင်းပင် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးကတည်းကပင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့် စွမ်းရည်၊ စွမ်းအားရှိသော လူ့စွမ်းအားအရင်းအမြစ်များ၊ နိုင်ငံစီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေး အပါအဝင် လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများကို အကြမ်းဖက်သမားများက ခေတ်အဆက်ဆက် နည်းလမ်းပေါင်းစုံဖြင့် ယနေ့ထက်တိုင် နှောင့်ယှက်ဖျက်ဆီးခဲ့ကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ခေတ်အဆက်ဆက် နိုင်ငံတည်ဆောက်ရေးတွင် “သမင်မွေးရင်း ကျားစားရင်း” ဆိုသကဲ့သို့ဖြစ်နေပြီး နိုင်ငံအတွက်ကြီးမားသည့် သမိုင်းသင်ခန်းစာတစ်ခုကဲ့သို့ ဖြစ်နေရကြောင်း။

**☆ ခရီးစဉ်များသွားရောက်ခဲ့စဉ် ဖွံ့ဖြိုးတိုးတက်မှုရရှိခြင်း၏ အဓိကအကြောင်းရင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိခြင်းပင်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှလုံးလုံခြုံအေးချမ်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ခြင်းပင်ဖြစ်**

**☆ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးကတည်းကပင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ရမည်**

**☆ သို့သော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့် စွမ်းရည်၊ စွမ်းအားရှိသော လူ့စွမ်းအားအရင်းအမြစ်များ၊ နိုင်ငံစီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေးအပါအဝင် လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများကို အကြမ်းဖက်သမားများက ခေတ်အဆက်ဆက် နည်းလမ်းပေါင်းစုံဖြင့် ယနေ့ထက်တိုင် နှောင့်ယှက်ဖျက်ဆီးခဲ့ကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ခေတ်အဆက်ဆက် နိုင်ငံတည်ဆောက်ရေးတွင် “သမင်မွေးရင်း ကျားစားရင်း” ဆိုသကဲ့သို့ဖြစ်နေပြီး နိုင်ငံအတွက်ကြီးမားသည့် သမိုင်းသင်ခန်းစာတစ်ခုကဲ့သို့ ဖြစ်နေရ**

၎င်းတို့ဖျက်ဆီးခဲ့ကြသည့် အခြေခံအဆောက်အအုံများနှင့် ဆုံးရှုံးခဲ့ရသည့် လူသားအရင်းအမြစ်များကို ပြန်လည်တည်ဆောက်မွေးထုတ်နေရခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခြင်းမရှိသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကြီးစွာသောထိခိုက်နစ်နာဆုံးရှုံးနေရမှုပင်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်နှင့်အစိုးရတို့ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် နိုင်ငံတော်တွင် အတူတကွမှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက ကိုယ်စီအသိရှိစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက်လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ အမြဲတမ်းတံခါးဖွင့်ဖိတ်ခေါ်ကြိုဆိုလျက်ရှိသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်မှုရရှိရေးအတွက်လည်း ဖြစ်နိုင်သည်များကို တောင်းဆိုခြင်း၊ မဖြစ်နိုင်သည်များကို ညှိနှိုင်းခြင်းတို့ဖြင့် နိုင်ငံ့အကျိုးကိုကြည့်၍ ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း၊ ပြည်ပခရီးစဉ်များ သွားရောက်မှုများမှ ရရှိခဲ့သည့် စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့အပါအဝင် နယ်ပယ်ပေါင်းစုံမှ တွေ့မြင်လေ့လာသိရှိခဲ့ရသည့် အတွေ့အကြုံကောင်းများကို သင်ခန်းစာယူ၍ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည်များကို အတုယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြေအသုံးချမှုများနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ရှိပြီးဖြစ်သည့် မြေသယံဇာတများကို စနစ်တကျဖြင့် အမှန်တကယ်အကျိုးရှိရှိအသုံးချနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ကြသည့် ပြည်ပနိုင်ငံများ၏ မြေကိုအကျိုးရှိရှိ ထိထိရောက်ရောက် အမှန်တကယ်အသုံးချမှု ထားကြသည်များကို အတုယူလေ့လာ ဆောင်ရွက်ကြရန်လိုကြောင်း၊ ၎င်းတို့၏စိုက်ပျိုး မွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်တင်ပို့ရောင်းချမှုများနှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် အတုယူကြရမည်ဖြစ်ပြီး ကုန်ကြမ်းအတိုင်း ပြည်ပသို့ တင်ပို့ရောင်းချခြင်းထက် ပြည်တွင်း၌ပင်ကုန်ချောအဖြစ် ထုတ်လုပ်၍ အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချသွားနိုင်ကြရန်လိုကြောင်း၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးနှင့် မှန်ကန်သည့် သတ်မှတ်ဈေးနှုန်းရရှိရေးအတွက်လည်း အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များဖြစ်ရန်လိုကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာ ပြည်ပပို့ကုန် ရရှိမည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်းနေထိုင်သည့် ပြည်သူများစားသုံးမှုဖူလုံစေရေး လူဦးရေအချိုးအစားနှင့် ကိုက်ညီသည့် မွေးမြူရေးထုတ်ကုန်များကို စီမံချက်များစနစ်တကျ ရေးဆွဲပြီး လျာထားစီမံတွက်ချက် မွေးမြူသွားကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကောင်းမွန်တိုးတက်လာမှသာ ငွေကြေးလည်ပတ်စီးဆင်းမှုများကောင်းမွန်လာပြီး ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေတိုးတက်ကောင်းမွန်ကာ နိုင်ငံ၏စီးပွားရေးသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း။

ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိစဉ် ၎င်းတို့အနေဖြင့် ငှက်ပျောသီးနှံနှင့် ကော်ဖီသီးနှံကို ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးကြပြီး ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားဝင်ငွေများစွာရရှိနေသည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ငှက်ပျောသီးနှံကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည်ဖြစ်၍ ငှက်ပျောစိုက်ပျိုးရေးမှ နိုင်ငံခြားဝင်ငွေရရှိရေး ဆောင်ရွက်သွားနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် နေကြာနှင့်နှမ်းကိုလည်း များစွာစိုက်ပျိုးကြပြီး အဆိုပါနေကြာ၊ နှမ်းစိုက်ပျိုးရေးနှင့်အတူ ပျားမွေးမြူခြင်းကို တွဲဖက်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် တောင်သူများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေပိုမိုရရှိလာစေနိုင်မည်ဖြစ်ကြောင်း။

**အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့်ပတ်သက်၍ စနစ်ကျနသည့် စံသတ်မှတ်ချက်များရှိရန်လို**

ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို အစိုးရကဖန်တီးပေးရမည်ဖြစ်ပြီး အဓိကလိုအပ်သည်မှာ အမှန်တကယ် အလုပ်လုပ်ကိုင်လိုစိတ်ရှိခြင်းပင်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းရွေးချယ်ခေါ်ယူခန့်ထားရေး၌ စနစ်ကျနသည့် စံသတ်မှတ်ချက်များရှိရန်လိုပြီး အတန်းပညာအောင်မြင်မှုများအလိုက် သင့်လျော်မှန်ကန်သည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့အတန်းပညာအလိုက် အလုပ်အကိုင်အခွင့်အလမ်းနှင့် လစာနှုန်းထားများ၊ ရာထူးအဆင့်ဆင့်တိုးမြှင့်နိုင်မှုတို့ မှန်ကန်မှသာ မိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှင့်ပတ်သက်၍ ပညာရေးကိုအားပေးလာကြမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် စွမ်းရည်နှင့်စွမ်းအားရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပညာရပ်များအလိုက်၊ အရည်အသွေးနှင့် အရည်အချင်းအလိုက် မွမ်းမံသင်တန်းများ၊ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးသွားကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံအတွက်ကဏ္ဍပေါင်းစုံတွင် လိုအပ်လျက်ရှိသည့် လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ်မွေးထုတ် အကျိုးပြုသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အစိုးရဗဟိုပြုသည့် ပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ ပုဂ္ဂလိကပညာသင်ကြားရေးစနစ်ကိုလည်း မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရကျောင်းများ၌ တက်ရောက်လျက်ရှိသည့် ကျောင်းသားကျောင်းသူများသည် လူတန်းစားအလွှာမျိုးစုံမှပါဝင်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အခြေခံပညာကျောင်းများတွင် သင်ကြားပေးသည့် အတန်းလိုက်ပညာရပ်များကို အမှန်တကယ်တတ်မြောက် ရန်လိုသကဲ့သို့ အထွေထွေဗဟုသုတနှင့် လူမှုဘဝအသိပညာများ တိုးတက်ရေးအတွက်ပါ သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ အောင်ချက်ရာခိုင်နှုန်းနှင့် အောင်ချက်မြင့်မားရေးကိုသာ အာရုံစိုက်၍ သင်ကြားပေးခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ်စာတတ်မြောက်ရေးကို အလေးထားသင်ကြားပေးရန်လိုကြောင်း၊ အစိုးရကျောင်းများတွင် ပညာရေးကိုသာမက ပတ်ဝန်းကျင်နှင့် ပေါင်းသင်းဆက်ဆံရေးများအပါအဝင် လောကနီတိကိုပါ သင်ကြားပေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကလည်း ကျောင်းသား ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်စေရေးနှင့် ပညာရေးပတ်ဝန်းကျင်ကောင်းဖြစ်စေရေး ဝိုင်းဝန်းကြပ်မတ်အားပေးဆောင်ရွက်သွားရန်လိုကြောင်း။

အဆင့်မြင့်ပညာ သင်ကြားရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်များ၌ သင်ကြားပေးလျက်ရှိသည့် ပညာရပ်များကို အမှန်တကယ်တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ တက္ကသိုလ်များသည် လေ့လာမှုဖြင့် သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ပညာသင်ယူချိန်တွင် သတ်မှတ်ထားသည့် ပညာသင်နှစ်များအလိုက် သင်ကြားရမည့်သင်ခန်းစာများနှင့် စစ်ဆေးရမည့် စာမေးပွဲများ၊ သုတေသနနှင့် စာတမ်းများကို သတ်မှတ်ချက်များအတိုင်း စနစ်တကျဖြင့် ဆောင်ရွက်မှု ရှိ/မရှိ တာဝန်ရှိသူများအနေဖြင့် မျက်ခြည်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ အဆင့်မြင့်ပညာသင်ကြားမှုများတွင်

**❖ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် အဓိကအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး နိုင်ငံစီးပွားရေးအားကောင်းရန် အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ် အသုံးပြုသွားနိုင်ရန်လည်း လိုအပ်**

**❖ အမှန်တကယ်အလုပ်လုပ်ကိုင်ကြရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး အားလုံးက အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါက မိမိတို့နိုင်ငံတော်ကြီး မလွဲမသွေဖွံ့ဖြိုးတိုးတက်လာမည်**

ကျောင်းသား ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း စနစ်တကျဖြင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်နေရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူ လူငယ်များအနေဖြင့် သက်ဆိုင်ရာပညာရပ်များကို အမှန်တကယ်တတ်မြောက်အောင် သင်ကြားသင်ယူရန်လိုအပ်သကဲ့သို့ ဗဟုသုတများရရှိစေမည့် မိမိတို့၏အသက်အရွယ်နှင့် ကိုက်ညီသော စာအုပ်၊ စာစောင်များကိုလည်း စဉ်ဆက်မပြတ်ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများအတွက် လိုအပ်သည့် စာကြည့်တိုက်၊ ဗဟုသုတစာအုပ်၊ စာစောင်များအပါအဝင် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရမှ နှစ်စဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများကိုလည်း မူဝါဒနှင့်အညီ အားပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ယူကြရသည့် အစိုးရပညာသင်ကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန် လိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံ စသည်ဖြင့် ဆေးရုံများအလိုက်လိုအပ်သည့် ကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများ ပြည့်စုံမှုရှိစေရေး လူသားအရင်းအမြစ်များ နှစ်စဉ်လျာထားစီမံ လေ့ကျင့်မွေးထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ မြှင့်တင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ နေထိုင်စားသောက်မှု၊ အုပ်ချုပ်မှုအဆောက်အအုံနှင့် လိုအပ်သည်များကိုလည်း နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အလိုက် သက်ဆိုင်ရာရာထူးတာဝန်များအသီးသီး ခန့်အပ်တာဝန်ပေးထားခြင်းဖြစ်ကြောင်း၊ ခရိုင်အဆင့် တာဝန်ရှိသူများကို အတွေ့အကြုံနှင့် လုပ်သက်အရ ရွေးချယ်တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ထိရောက်သည့်စီမံအုပ်ချုပ်ကွပ်ကဲမှုဖြစ်စေရေး ခရိုင်ဗဟိုပြုအုပ်ချုပ်ရေးစနစ်ဖြင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဆောက်လုပ်ရေး၊ တရားရေးနှင့် ဥပဒေစသည်ဖြင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ခရိုင်အဆင့်မှ စနစ်တကျ တာဝန်ယူဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုအခါ ကမ္ဘာနှင့်တစ်ဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အယ်လ်နီညိုနှင့်ပတ်သက်၍လည်း ကြိုတင်သတိပေးထုတ်ပြန်ချက်များ ထုတ်ပြန်ထားသည်ကိုတွေ့ရှိရပြီး ဂရုပြုကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် လိုကြောင်း၊ အပူချိန်လွန်ကဲမှုကြောင့် မြေအောက်ရေ လျော့နည်းကျဆင်းမှုများနှင့် ရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေများအတွက် လိုအပ်သည့်ရေများကို ကြိုတင်စုဆောင်းထားရှိရန်လိုကြောင်း၊ လိုအပ်ပါက မြစ်ချောင်းများတွင် မြေအောက်တမံများပြုလုပ်ပြီး မြေအောက်ရေကို ထိန်းသိမ်းသွားကြရန်နှင့် ကြိုတင်ပြင်ဆင်၍ ရသည်များကို ယခုကတည်းက စနစ်တကျဖြင့် စဉ်းစားပြင်ဆင်ဆောင်ရွက်ထားကြရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကြီးမားနေဆဲဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးသည် အလွန်ပင်အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားကဏ္ဍနှင့်ပတ်သက်၍ “အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်”ဆိုသည့် မူဝါဒနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပပြုလုပ်လျက်ရှိသကဲ့သို့ အားကစားကဏ္ဍမြှင့်တင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီ ဒီဇင်ဘာလသို့ ရောက်ရှိတော့မည်ဖြစ်ပြီး အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် ရှိပြီးဖြစ်သည့် အားကစားကွင်းများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျ ပြင်ဆင်ထိန်းသိမ်း အသုံးပြုဆောင်ရွက်သွားကြရန်လိုကြောင်း။

အချုပ်အားဖြင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် အဓိကအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး နိုင်ငံစီးပွားရေးအားကောင်းရန် အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ် လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်အသုံးပြုသွားနိုင်ရန်လည်း လိုအပ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်ကိုင်ကြရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး အားလုံးက အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြမည်ဆိုပါက မိမိတို့နိုင်ငံတော်ကြီး မလွဲမသွေဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**




သုံးစွဲသူအကြိုက်များသည့် ချယ်ရီပန်း Design YPS Card

❍ လူကြိုက်များမှ

အဆိုပါ Design YPS Card များကို အရေအတွက်အကန့်အသတ်ဖြင့်သာ ရောင်းချပေးသွားမည်ဖြစ်သည်။

လက်ရှိတွင်လည်း YBS စီးနင်းရာတွင် ယာဉ်စီးခပေးချေရန် YPS Card သုံးစွဲသူ ၅ သိန်းခန့်ရှိလာပြီး YPS Card အသုံးပြုခြင်းဖြင့် YBS ယာဉ်များစီးနင်းရာတွင် ယာဉ်စီးခအတွက် ငွေအကြွေရှာဖွေရသည့် အခက်အခဲများကို လျှော့ချနိုင်မည်ဖြစ်သည်။

YPS Card နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသူများအနေဖြင့် YPS Call Center ဖုန်းနံပါတ် ၀၉ ၇၇၂ ၆၆၆ ၆၉၉ သို့ တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **MT**

❖ **ဖလမ်းမှ**

ချင်းပြည်နယ် သယံဇာတဝန်ကြီး၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ရုံးအဆောက်အအုံ၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအဆောက်အအုံ၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာနှင့် အရာရှိနေအိမ်များ တစ်စိတ်တစ်ပိုင်းပြုပြင်နေမှု၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း တစ်စိတ်တစ်ပိုင်းပြုပြင်ပြီးစီးမှုနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော် အေးချမ်းစွာ ပညာသင်ကြားနေမှု၊ ပြည်သူများ အပန်းဖြေလည်ပတ်နိုင်ရန် လွတ်လပ်ရေးကျောက်တိုင်နှင့် View Point ပြုပြင်ဆောင်ရွက်နိုင်ရေးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာနရုံးအဆောက်အအုံများနှင့် အိမ်ရာများ ပြုပြင်နေမှု၊ ခရိုင်တိုင်းရင်းဆေးကုဌာနရုံးအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာပြုပြင်နေမှု၊ ဖလမ်းမြို့မရဲစခန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် အိမ်ရာများနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးပြုပြင်နေမှု၊ ဆိုလာမီးတပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ခန်းမ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဒေသခံကုမ္ပဏီများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် ဖလမ်းခရိုင်ဌာနဆိုင်ရာ အဆောက်အအုံ ၂၀၈ လုံးကို ဒုတိယဝန်ကြီးများဦးဆောင်ပြီး ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဒေသခံကုမ္ပဏီ ၁၂ ခုတို့က ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မရမ်းကုန်းမြို့နယ်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅**

မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်)က ကြီးမှူး၍ စခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို မရမ်းကုန်းမြို့နယ်၌ ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါသင်တန်းတွင် မူးယစ်ဆေးဖြတ်ပြီးသူ သင်တန်းသား ၂၀ တို့အား ဩဂုတ် ၁၀ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ အရပ်ဘက်/မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊



သင်တန်းသားများနှင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ရဲရင့်သိန်းထွန်း**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ်(၁/၂၀၂၆)ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် စဝ်အောင်တိန်းနှင့် စဝ်လံတိုင်း၊ ဗဟိုဦးစီးကော်မတီဝင်များဖြစ်ကြသည့် စဝ်စိုင်းဟန်၊ စဝ်ယွက်ခမ်း၊ စဝ်စိုင်းလျဲန်း၊ နန်းမိုးမိုးစောနှင့် ဗဟိုကော်မတီဝင် နန်းဟန်လောဝ်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် အဓိကလိုအပ်ချက်မှာ စီးပွားရေးဖြစ်ကြောင်း၊ စီးပွားရေးဖော်ဆောင်ရန်မှာလည်း ငြိမ်းချမ်းရေးသည်အဓိကဖြစ်ကြောင်း၊ ညှိနှိုင်းရေးကော်မတီအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို ကြိုတင်ကန့်သတ်ချက်များမထားဘဲ တစ်ပြေးညီဖိတ်ခေါ်ခဲ့ပြီး ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးခဲ့ကြောင်း၊ ဆက်လက်ပြီးလည်း ဆွေးနွေးညှိနှိုင်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်သဘောတူညီခဲ့သည့်အပိုင်းများကို လိုက်နာဆောင်ရွက်ပြီး ရှေ့ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့်နည်းလမ်းများကို ဆွေးနွေးပေးစေလိုကြောင်း၊ ယခင်ချုပ်ဆိုခဲ့သောစာချုပ်များကို လေးစားလိုက်နာပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ယုံကြည်မှုတည်ဆောက်နိုင်မှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ်ထိတွေ့ပြီး ရှေ့ဆက်နိုင်မည်ဖြစ်၍ နည်းလမ်းမျိုးစုံနှင့် ဆက်သွယ်ဆောင်ရွက်စေလိုပါကြောင်း၊ နှစ်ဖက်အပြန်အလှန်ထိတွေ့ဆက်ဆံ ဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်ယုံကြည်မှုလည်း တိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းက အစိုးရသစ်ဖွဲ့ပြီးနောက်ပိုင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရေး ရည်ရွယ်ပြီး ၂၀၂၆ ခုနှစ် ဧပြီ ၂ ရက်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးရန် တရားဝင်ဖိတ်ခေါ်ခြင်းကို ကြိုဆိုပါကြောင်း၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံမှုများသည် ဆွေးနွေးခြင်းလုပ်ငန်းစဉ်တိုးတက်မှုကို ပြသရာရောက်ခြင်းဖြစ်သကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းကို အလေးထားခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် ယုံကြည်မှုသည် အလွန်အရေးကြီးကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်နေစဉ်ကာလအတွင်း ပြည်သူများ နေရပ်ပြန်လာစေရေးနှင့် ပြန်လည်ထူထောင်ရေးအစီအမံများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနေကြောင်း၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးတို့အား ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယနေ့ဆွေးနွေးပွဲမှ ရလဒ်ကောင်းများရမည်ကို ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေး၊ ပဋိပက္ခကြောင့် ရွှေ့ပြောင်းနေထိုင်ခဲ့ရသည့် ပြည်သူများ နေရပ်ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ဒေသခံပြည်သူလူထုအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားနှင့် ဒေသဖွံ့ဖြိုးရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်ဖက်အပြန်အလှန် ဆက်သွယ်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ယုံကြည်မှုပြန်လည်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးတို့အတွက် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ စီစဉ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းအားလက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း သာယာကုန်း-ရေကျော်လမ်း ၄ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း သာယာကုန်း-ရေကျော်လမ်း ၄ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကော့ကဒါ-ကော့မရီး- တမံဦး ကျေးရွာချင်းဆက်လမ်း ၂ မိုင် ၄ ဖာလုံကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ တောင်ဝိုင်းတောင်ပတ်လမ်း ၁ မိုင် ၄ ဖာလုံ ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးဝင်းနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လမ်းရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့်အခြေအနေများကို ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း၌ ဝန်ထမ်းများ၊ သင်တန်းသားများနှင့် တွေ့ဆုံ၍ ချီးမြှင့်ငွေများ ပေးအပ်ကာသင်တန်းသားများဘာသာရပ်အလိုက် လက်တွေ့လေ့ကျင့်သင်ကြားနေမှုများနှင့် ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသူများအား တွေ့ဆုံမှာကြား၍ ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်းတွင် သင်တန်းသူများ လက်တွေ့သင်ကြားလေ့ကျင့်နေမှုများ၊ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်၊ သင်တန်းခန်းမများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စဉ့်ကူးမြို့နယ်၌ ထရန်စဖော်မာအသစ်တပ်ဆင်

**စဉ့်ကူး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် အမှတ်(၁) သီလှရပ်ကွက်၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ထရန်စဖော်မာအသစ် တပ်ဆင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ စဉ့်ကူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)ဦးဆောင်းတင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ ထရန်စဖော်မာတပ်ဆင်ပြီးစီးကာ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် ဒေသခံပြည်သူ ၁၂၆ ဦးခန့် လျှပ်စစ်မီး စတင်သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**တင်ဇာလွင်(ပြန်/ဆက်)**



**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

# မိဘ ဆရာ ပူးပေါင်း ကျောင်းသား ကျောင်းသူများ ပညာအရည်အသွေး ပိုမိုကောင်း

**ပညာရေးဆိုသည်မှာ စာသင်ခန်းအတွင်း ဆရာက သင်ကြားပေးရုံဖြင့် မပြည့်စုံပါ။ ကလေးတစ်ဦး၏ ပညာရေးနှင့် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘ၊ ဆရာနှင့် ကျောင်းသားတို့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါသည်။ ထိုသို့ မိဘနှင့်ဆရာတို့ကို ချိတ်ဆက်ပေးသည့် အဖွဲ့အစည်းတစ်ခုမှာ "မိဘဆရာအသင်း"(PTA-Parent Teacher Association) ဖြစ်ပါသည်။**

**ဒေါက်တာသန့်စင် (ရူပဗေဒ)**

ယခုခေတ်တွင် မိသားစုစားဝတ်နေရေးအတွက် အိမ်ရှိလူတိုင်း အလုပ်လုပ်နေကြရပါသည်။ မိမိတို့၏အချိန်များကို စားဝတ်နေရေးအတွက် အသုံးချနေရသဖြင့် မိမိတို့၏ သားသမီးများအား ကျောင်းဖွင့်ချိန်တွင် ကျောင်းအပ်၊ လိုအပ်သော ပစ္စည်းများ ဝယ်ယူဖြည့်ဆည်းပေးရုံဖြင့် တာဝန်ကျေမိဘများမဖြစ်နိုင်ပါ။ ကျောင်းသား ကျောင်းသူများ၏ တစ်နေ့တာအချိန်၌ ကျောင်းတွင်းစာသင်ချိန်၊ မိဘများနှင့် အတူနေရသည့်အချိန်နှင့် ပြင်ပပတ်ဝန်းကျင်တွင် အပေါင်းအသင်း သူငယ်ချင်းများနှင့် ခေတ္တနေရသည့်အချိန်တို့ရှိပါသည်။

ကလေးတစ်ဦးသည် ကျောင်းတွင်းအချိန်အများစုကို ဆရာ ဆရာမများနှင့် ဖြတ်သန်းရသော်လည်း ကျောင်းချိန်ပြင်ပတွင် မိဘများ၏လမ်းညွှန်မှုကို ရနေပါသည်။ ထို့ကြောင့် မိဘနှင့် ဆရာတို့ အကြား နားလည်မှုကောင်းမွန်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ပါက ကလေး၏ ပညာရေးအပေါ်တွင် ကောင်းမွန်သောသက်ရောက်မှု ပိုမိုရရှိနိုင်ပါသည်။

**မိဘများ၏ပူးပေါင်းပါဝင်မှုသည် အထောက်အကူပြု**

မိဘ ဆရာအသင်း၏ အဓိကရည်ရွယ်ချက်မှာ မိဘများနှင့် ဆရာ ဆရာမများ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။ မိဘဆရာအသင်းမှဦးဆောင်ကာ ကျောင်းပတ်ဝန်းကျင်သာယာလှပရေး၊ ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေး၊ အားကစား၊ စာကြည့်တိုက်နှင့် ပြင်ပလေ့လာရေး၊ ကျောင်းလုံခြုံရေး၊ ကျောင်းတွင်း/ ပြင်ပ မူးယစ်၊ လောင်းကစားမှုမရှိရေး၊ ကျောင်းသား ကျောင်းသူ အချင်းချင်း ရိုင်းပင်းကူညီရေးကိစ္စများတွင် မိဘများ၏ ပူးပေါင်းပါဝင်မှုသည် အထောက်အကူပြုပါသည်။ ကျောင်းသည် ဆရာများ၏တာဝန်သာဖြစ်သည် ဟူသောအမြင်မှ ကျောင်းသည် မိဘ၊ ဆရာ၊ ကျောင်းသားနှင့် လူမှုအသိုင်းအဝိုင်းအားလုံး၏ ပူးပေါင်းတာဝန်ဟူသည့်အမြင်ဖြစ်ရန် လိုအပ်ပါသည်။

ကျောင်းသား ကျောင်းသူများသည် စာမေးပွဲအောင်မြင်ရေး၊ စာမေးပွဲတွင် အမှတ်ကောင်းကောင်းရရှိရေးတစ်ခုတည်းမဟုတ်ဘဲ အသိပညာနှင့် ကျွမ်းကျင်မှုများသာမက ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ လူမှုဆက်ဆံရေးကောင်းမွန်မှု၊ တာဝန်ယူတတ်သောစိတ်ဓာတ်ရှိမှုတို့ လိုအပ်ပါသည်။ ထို့အပြင် စာကြည့်တိုက်များကို ကောင်းစွာ အသုံးချကာ ပြင်ပအကျိုးရှိစာများကို ဖတ်ရှုကြရန် လိုပါသည်။

ကျောင်းတွင် ကလေး၏ သင်ယူမှုအခြေအနေ မည်သို့ရှိသနည်း၊ စာပေဘာက်တွင် မည်သည့်ဘာသာများ အားနည်းချက်ရှိသနည်း၊ အကျင့်စာရိတ္တနှင့် လူမှုဆက်ဆံရေးအပိုင်းတွင် မည်သို့တိုးတက်မှုရှိသနည်းဆိုသည်များကို မိဘများသိရှိရန် လိုအပ်ပါသည်။ ထို့အတူ အိမ်တစ်အိမ်တွင် ကျောင်းသား၏ မိဘအခြေအနေ၊ နေ့စဉ်ကြုံတွေ့ရသော အခက်အခဲ၊ စိတ်ပိုင်းဆိုင်ရာအခြေအနေများကို ဆရာ ဆရာမများ အနေဖြင့်လည်း အကဲခတ်လေ့လာကြည့်သင့်ပါသည်။

ပညာရေးဆိုသည်မှာ စာမေးပွဲအောင်ရန်အတွက် စာကျက်ခြင်းတစ်ခုတည်းမဟုတ်ပါ။ ကလေး၏ ဗလငါးတန်အရည်အချင်းကိုမြှင့်တင်ပေးခြင်း၊ သူတို့၏အနာဂတ်ကို ကောင်းမွန်သည့် မျှော်လင့်ချက်များရှိရန် လေ့ကျင့်ပေးခြင်းနှင့် အဓိကအနေဖြင့် လူမှုရေးနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကိုလည်း သင်ကြားပေးနိုင်ရပါမည်။

ယနေ့ခေတ် ပညာရေးနှင့်ပတ်သက်နေသော အခြေအနေများသည် ယခင်ကနှင့်မတူဘဲ များစွာကွာခြားသွားပါသည်။ နည်းပညာသင်ယူမှုများ တိုးတက်လာပြီး ကလေးများ၏ လေ့လာသင်ယူမှုပုံစံပြောင်းလဲနေပြီဖြစ်ပါသည်။ သတင်းအချက်အလက်နှင့် ပညာရပ်များကို စာအုပ်ထဲတွင် ရှာဖွေရခြင်းမဟုတ်တော့ဘဲ အင်တာနက်နည်းပညာ ဒီဂျစ်တယ်နည်းပညာများကို အသုံးပြုကာ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းတို့မှတစ်ဆင့် လွယ်ကူစွာလေ့လာနိုင်ပြီဖြစ်ပါသည်။ သို့ရာတွင် ဒီဂျစ်တယ်နည်းပညာအသုံးပြုမှုများကြောင့် ကျောင်းသား ကျောင်းသူများ၏ ကိုယ်တိုင်အားထုတ်မှု ကြိုးစားမှုလျော့ကျသွားကာ နည်းပညာကိုသာ မှီခိုမှုလွန်ကဲခြင်းမရှိရန် ထိန်းသိမ်းပေးရန် လိုအပ်ပါသည်။ ထို့အပြင် ကျောင်းသား ကျောင်းသူများ အင်တာနက်ဖြင့် ဂိမ်းကစားခြင်း၊ အခြားလောင်းကစားမှုများ မပြုလုပ်စေရန် မိဘ၊ ဆရာများကပူးပေါင်း၍ ပညာပေးကာကွယ်ရပါမည်။

ကျွန်တော်သည် ဂျပန်နိုင်ငံသို့ အခြေခံပညာကျောင်းများ၏ သင်ရိုးညွှန်းတမ်း၊ စာသင်ကြားပုံ၊ မိဘများနှင့် ဆရာများ ဆက်သွယ်ပုံ စသည်တို့ကို လေ့လာရန် သွားရောက်ခဲ့ဖူးပါသည်။ တိုကျို၊ ကျိုတို၊ အိုဆာကာ၊ ကိုဘေး စသည့်မြို့များရှိ ကျောင်းများကို ကိုယ်တိုင် ကျောင်းတက်ချိန်မှ ကျောင်းဆင်းချိန်အထိ ကျောင်းသား ကျောင်းသူများနှင့်အတူ တက်ခဲ့ရပါသည်။ JJCA အကူအညီနှင့် နိုင်ငံပေါင်းစုံမှ ပညာရေးဆိုင်ရာ ကျွမ်းကျင်သူ ၁၀ ဦးနှင့်အတူ လေ့လာခဲ့ပါသည်။ ကျောင်းတက်ချိန်တွင် ရပ်ကွက်အတွင်းမှ အသက်အနည်းငယ်ကြီးသော အငြိမ်းစားလူကြီးများက အလံငယ်လေးများကိုကိုင်ကာ လမ်းစုံလမ်းခွတွင် ကလေးများ ယာဉ်အန္တရာယ်မဖြစ်စေရန် လမ်းရှင်းပေးပြီး ကလေးများကို ကျောင်းသို့ အန္တရာယ်ကင်းစွာ ကျောင်းတက်နိုင်စေရန် စေတနာ့ဝန်ထမ်း ကူညီပေးသည်ကိုတွေ့ရပါသည်။

နေ့လယ်စာကျွေးသည့် တချို့ကျောင်းများတွင် မိဘများက အလှည့်ကျလာရောက်ချက်ပြုတ်ကူညီကြပါသည်။ ထမင်းစားချိန်တွင် စာသင်ခန်းအသီးသီးမှ အလှည့်ကျ တာဝန်ကျ ကျောင်းသား ကျောင်းသူများက ကျောင်းမီးဖိုချောင်ခန်းမသို့သွား၍ ကိုယ့်အခန်းအတွက် လိုအပ်သော ထမင်း၊ ဟင်းများကို သွားယူခြင်း၊ ထမင်းစားပြီး အသုံးပြုသော တစ်ခါသုံးတူများ ထမင်းပန်းကန်၊ နွားနို့ဘူးများကို အမှိုက်ပုံးအတွင်း စနစ်တကျလွှင့်ပစ်ခြင်းတို့ကို မူလတန်းအဆင့်မှပင် သင်ကြားပေးပါသည်။

ညနေပိုင်းတွင် သန့်ရှင်းရေးအတွက် အဝတ်အစားများလဲပြီး ကျောင်းတွင်းအခန်းများ၊ ရေအိမ်များ၊ လက်ဆေးစင်များကို သန့်ရှင်းရေးလုပ်ခြင်း၊ ကျောင်းပန်းခြံများတွင် စိုက်ပျိုးထားသော သစ်ပင်များကို ရေလောင်းပြုပြင်ခြင်းတို့ ပြုလုပ်ကြပါသည်။ ကျွန်တော်တို့ကိုပါ ဝင်ရောက်လုပ်ကိုင်ရန် ခေါ်ပါသည်။ ကျွန်တော်တို့လည်း သူတို့နှင့်အတူ ထမင်းစား၊ သန့်ရှင်းရေး၊ ပန်းခြံသစ်ပင်ပြုပြင်ရေး၊ အားကစား၊ ပန်းချီ စသည်တို့ကို ဝင်ရောက်လုပ်ကိုင်ခဲ့ရပါသည်။ ထိုအတွေ့အကြုံကို မြဝတီမဂ္ဂဇင်းတွင် အခန်းဆက်ဆောင်းပါး ရေးခဲ့ဖူးပါသည်။

**မိဘနှင့်ဆရာ ပူးပေါင်းမှုလိုအပ်သည်ဆိုသော အခြေခံအမှန်တရားက မပြောင်းလဲပါ**

ပညာရေးတွင် အချိန်များပြောင်းသွားပါပြီ။ လူနေမှုပုံစံများ ပြောင်းသွားပါပြီ။ နည်းပညာများ ပြောင်းသွားပါပြီ။ ပညာရေး၏ သင်ကြားမှုပုံစံများ ပြောင်းသွားပါပြီ။ သို့ရာတွင် ကလေးတစ်ဦးကို ကောင်းမွန်စွာ ပြုစုပျိုးထောင်ရန် မိဘနှင့်ဆရာ ပူးပေါင်းမှုလိုအပ်သည်ဆိုသော အခြေခံအမှန်တရားက မပြောင်းလဲပါ။ သားသမီးကို စာသင်ပေးရန် တာဝန်ရှိသည်ဆိုသည်မှာ မှန်ပါသည်။ သို့သော်လည်း သားသမီး၏ပညာရေးသည် ကျောင်း၏ တာဝန်ဆိုသည်မှာ မပြည့်စုံပါ။ မိဘများက မိမိကလေး၏စာဖတ်ချိန် သတ်မှတ်ပေးနိုင်ပါသည်။ ကလေး၏အခက်အခဲကို နားထောင်ပေးနိုင်ပါသည်။ ကျောင်း၏ ကောင်းမွန်သောလုပ်ငန်းများတွင် ပါဝင်နိုင်ပါသည်။

မိဘက လက်တစ်ဖက်၊ ဆရာက လက်တစ်ဖက် ဆိုလျှင် ကျောင်းသား ကျောင်းသူများသည် ထိုလက်နှစ်ဖက်ကြားမှနေ၍ တောက်ပပျော်ရွှင်စွာ အနာဂတ်ကို လျှောက်လှမ်းသွားနိုင်ကြတော့မည် ဖြစ်ပါသည်။ ။

> **"ပညာရေးတွင် အချိန်များပြောင်းသွားပါပြီ။ လူနေမှုပုံစံများ ပြောင်းသွားပါပြီ။ နည်းပညာများ ပြောင်းသွားပါပြီ။ ပညာရေး၏ သင်ကြားမှုပုံစံများ ပြောင်းသွားပါပြီ။ သို့ရာတွင် ကလေးတစ်ဦးကို ကောင်းမွန်စွာပြုစုပျိုးထောင်ရန် မိဘနှင့်ဆရာ ပူးပေါင်းမှုလိုအပ်သည်ဆိုသော အခြေခံအမှန်တရားက မပြောင်းလဲပါ။ သားသမီးကို စာသင်ပေးရန် တာဝန်ရှိသည်ဆိုသည်မှာ မှန်ပါသည်။ သို့သော်လည်း သားသမီး၏ပညာရေးသည် ကျောင်း၏တာဝန်ဆိုသည်မှာ မပြည့်စုံပါ။ မိဘများက မိမိကလေး၏စာဖတ်ချိန် သတ်မှတ်ပေးနိုင်ပါသည်။ ကလေး၏အခက်အခဲကို နားထောင်ပေးနိုင်ပါသည်။ ကျောင်း၏ ကောင်းမွန်သော လုပ်ငန်းများတွင်ပါဝင်နိုင်"**

## သာယာဝတီမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ



**သာယာဝတီ စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက လူငယ်စကားဝိုင်းကို လိပ်အင်း အထက(ခွဲ) ခန်းမ၌ ကျင်းပသည်။

ဦးစွာ လိပ်အင်း အထက(ခွဲ) မှ ကျောင်းအုပ်ဆရာမကြီး က အမှာစကားပြောကြားပြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က ယနေ့လူငယ်များအနေဖြင့် ဗလငါးတန်နှင့် ပြည်စုံရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး လိပ်အင်း အထက(ခွဲ) Grade-12 မှ မမေဇင်မြတ်က လူငယ်နှင့်မူးယစ်ဆေး၊ Grade-11 မှ မခေမီကိုက လူငယ်နှင့် စာဖတ်ခြင်း၊ Grade-10 မှ မကေရီကိုကိုက လူငယ်နှင့် အားကစား၊ Grade-10 မှ မစုမြတ်မွန်က လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးကြရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်တွင် ဒလမြို့နယ် မြို့မရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မျိုးထွန်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၅၈) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်မှ ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲအမှုထမ်းဟောင်းများ၊ ပြည်သူများစုပေါင်း၍ အေးချမ်းအောင် အများသုံးရေကန်အား သန့်ရှင်းရေးပြုလုပ်စဉ်။ သျှင်ဝင်းသျှင်

## စစ်တွေမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



**စစ်တွေ စက်တင်ဘာ ၁၅**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် သီးခြားရဲတပ်ဖွဲ့ခွဲများမှ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် ၈၆ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး၌ စုပေါင်း သွေးလှူဒါန်းကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် သွေးလှူဒါန်းကြမည့် တပ်ဖွဲ့ဝင်များအား ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးအမျိုးအစားခွဲခြင်းနှင့် သွေးလှူဒါန်းရန် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သွေးလှူဒါန်းကြသည့် တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်စာများနှင့် ဆေးဝါးများပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ မြို့နယ်အတွင်း သွားလာနေကြသော မော်တော်ယာဉ် မောင်းနှင်နေသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ယမန်နေ့နံနက်ပိုင်းက သုဓမ္မာလမ်းမကြီးပေါ် စိန်ပန်းမြိုင် ရဲရိပ်သာရှေ့၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်တပ်စုမှူး ဒုတိယရဲမှူးလှိုင်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များက ယာဉ်မောင်းနှင်စဉ် အသက်ကယ်ထိုင်ခုံခါးပတ်ပတ်၍ မောင်းနှင်ကြရန်၊ ယာဉ်မောင်းနှင်စဉ်လက်ကိုင်ဖုန်း အသုံးမပြုရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ညွှန်ကြားချက်များကိုသိရှိပြီး စနစ်တကျ လိုက်နာစေရန်နှင့် သတ်မှတ်ဖောင်းကြွနံပါတ်ပြားမဟုတ်ဘဲ အလှနံပါတ်ပြားမတပ်ရန်နှင့် ပါဝါအိတ်ဇောမတပ်ရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



## ပေါင်မြို့နယ်၌ တံတားတည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပေါင် စက်တင်ဘာ ၁၅**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်နေသည့် ပသျှူးပိုင်း - နတ်စင်ကုန်းလမ်းပေါ်ရှိ တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်တာဝန်ခံ၊ အင်ဂျင်နီယာချုပ်နှင့်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။



ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသထွက်ကုန်များ လွယ်ကူစွာ ရောင်းဝယ်နိုင်ခြင်းဖြင့် လူမှုစီးပွားဘဝ တိုးတက်လာနိုင်စေရေးအတွက် ပသျှူးပိုင်း-နတ်စင်ကုန်းလမ်းပေါ်ရှိ တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ယခုနှစ် ဇွန် ၁၂ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၂ ရက်တွင် လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## ကြံခင်းမြို့၌ အရန်သားဖွားအသစ် ခြောက်လသင်တန်းဖွင့်ပွဲ ကျင်းပ

**ကြံခင်း စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက အရန်သားဖွားအသစ် ခြောက်လသင်တန်းဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာလှထွန်းဇော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**



## မင်းကင်းမြို့၌ စံမကိုက်သောအခြေခံပညာကျောင်းများ စံကိုက်ကျောင်းအဖြစ်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်



**မင်းကင်း စက်တင်ဘာ ၁၅**

စစ်ကိုင်း တိုင်းဒေသကြီး မင်းကင်းမြို့နယ် အတွင်း ဖွင့်လှစ်ထားသည့် စံမကိုက်သော အခြေခံပညာ ကျောင်းများအနက် စံကိုက်ကျောင်း ဖြစ်နိုင်ရေးအတွက် တာဝန်ရှိသူများသည် ယမန်နေ့ညနေပိုင်းက မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးထွန်းဇော်နှင့် အဖွဲ့ဝင်များ ဦးဆောင်၍ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနတို့ပါဝင်သော အဖွဲ့များသည် မြေပြင်ကွင်းဆင်း၍ စံကိုက်ကျောင်းအဖြစ် ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ ကြည့်ရှုဆောင်ရွက်ကြသည်။

မင်းကင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း ၃၈ ကျောင်း ဖွင့်လှစ် သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကျင်ဒိုက်မန်(ပြန်/ဆက်)**

## ပဲခူးမြို့နယ်၌ ကျန်ရစ်သူအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

**ပဲခူး စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် Zhengbang (Myanmar) Co.,Ltd. အစာစပ်စက်ရုံမှ အလုပ်သမားနှစ်ဦးလုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်း အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်းကို ရှင်းလင်းပြောကြားပြီး ထိခိုက်သေဆုံးသူများအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) စုစုပေါင်းခွင့်ပြုငွေကျပ် ၈၆၄၀၀၀၀ ကို ကျန်ရစ်သူမိသားစုများထံသို့ ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။



**ထက်အောင်လင်း(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့၌ အရန်သားဖွားအသစ် ခြောက်လသင်တန်းဖွင့်ပွဲ ကျင်းပ

**ကျောင်းကုန်း စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံ၌ အရန်သားဖွားအသစ်ခြောက်လသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ထိုက်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုတို့က အမှာစကားပြောကြားကာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါ အရန်သားဖွားသင်တန်းသို့ သင်တန်းသူ ၃၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ရေဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများလာရောက်လှူဒါန်း



**ပုသိမ် စက်တင်ဘာ ၁၅**

ရေဝတီတိုင်းဒေသကြီး အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများက အလှူငွေများလာရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် Green Development and Engineering Group က အလှူငွေကျပ်သိန်း ၁၃၀၊ ဦးအောင်တင်စိုး + ဒေါ်ချစ်စုဝင်းတို့က အလှူငွေကျပ်သိန်း ၇၀၊ Shwe Wah Nadi Agriculture Co.,Ltd. က အလှူငွေကျပ် သိန်း ၅၀၀ တို့ကို ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ပြန်လည်ပေးအပ်**

ထို့အတူ ယမန်နေ့ နံနက်ပိုင်းက Supreme Trading Co.,Ltd. က အလှူငွေကျပ် ၁၃၅ သိန်း၊ ဦးထွန်းကြည် + ဒေါ်ဟော်လင်လန့် (ဘက်စုံမွေးမြူရေး)က အလှူငွေကျပ် သိန်း ၃၀ နှင့် ဘဲဥအလုံး ၅၀၀၀၊ မြန်မာပြည်ဖွားတရုတ်မျိုးနွယ် လူမှုကူညီရေးအဖွဲ့က ငွေကျပ် ၂၆၄၆၇၅၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ပဲ၊ ဆား၊ တာပေါ်လင် မိုးကာများကို ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညှိနှိုင်းရိပ်သာ၌ လာရောက်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ အသိအမှတ်ပြုသင်တန်းဖွင့်လှစ်



**နေပြည်တော် စက်တင်ဘာ ၁၅**

ပိုးသတ်ဆေး ဥပဒေနှင့် ပတ်သက်သည့် ကိစ္စရပ်များကို သေချာစွာသဘောပေါက် လိုက်နာလာစေရန်၊ အရည်အသွေးပြည့်မီသော ပိုးသတ်ဆေးများကို တောင်သူများ စနစ်တကျသုံးစွဲလာခြင်းဖြင့် အထွက်နှုန်းတိုးကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ပေးသည့်လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ အသိအမှတ်ပြုသင်တန်းအမှတ်စဉ် (၁၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ သုခစိုးဟိုတယ်၌ ကျင်းပသည်။

ပိုးသတ်ဆေးနှင့် ပိုးသတ်ဆေးခတ်ကြွင်းအန္တရာယ်ကို သိရှိနားလည်ပြီး စနစ်တကျကိုင်တွယ်သုံးစွဲတတ်စေရန်၊ ဘေးကင်းလုံခြုံစိတ်ချရသော စားသုံးသီးနှံများ စိုက်ပျိုး ထုတ်လုပ်နိုင်ရေးနှင့် သဘာဝ ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေဘဲ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရန် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးများ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိရာ ၁၉၉၃ ခုနှစ်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာလအထိ သင်တန်းပေါင်း ၂၄၆ ကြိမ်တွင် သင်တန်းသားစုစုပေါင်း ၃၂၈၇၇ ဦးအား သင်တန်းဆင်းလက်မှတ်များ ထုတ်ပေးပြီးဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ စက်တင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်ကြာပို့ချပေးမည့် အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၁၂ ဦး တက်ရောက် လေ့လာလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ လူငယ်စကားဝိုင်းကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၅**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုကို လက်သင့်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန်၊ လူငယ်ကဏ္ဍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရန် ရည်ရွယ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ လူငယ်စကားဝိုင်းများကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျောင်းသားလူငယ်များ ဦးဆောင်သည့် စကားဝိုင်းကို ကျင်းပခဲ့သည်။

အဆိုပါစကားဝိုင်းတွင် ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာရန်အတွက် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကိုအခြေပြုရန် လိုအပ်မှုများနှင့်စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူများက ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများ၏ မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးခွဲ(မော်လမြိုင်)မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မော်လမြိုင်မြို့ ပါရမီကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သတင်းရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ဖွဲ့ခွဲ (မွန်)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ထွန်းဝေ ဦးစီးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၂ ရက်တွင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးရင်ပြင်တော်နှင့် အနီးဝန်းကျင်နေရာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



(၆၂) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက် အောင်စည်သာပရိယတ္တိစာသင်တိုက်ရှိ စေတီတော်မြတ်ကြီးနှင့်ပရိဝုဏ်အတွင်း/အပြင်၌ စက်တင်ဘာ ၁၁ ရက်က သတင်းရဲတပ်ဖွဲ့ အမှတ်(၁) တပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး သန်းထွန်းဦး ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ သူဇာလှိုင်(စက်မှု)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်တွင် မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး စန်းနိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်တို့က အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ပေါက်ချောင်းရပ်ကွက်ရှိ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ခရိုင်(ပြန်/ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁၀) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက ပြည်မြို့နယ် ရှမ်းကုန်းကျေးရွာရှိ ဒဗ္ဗတောရဘုန်းကြီးကျောင်းတိုက်၌ စက်တင်ဘာ ၁၄ ရက်က စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (ထို့ပြင် အမှတ်(၁၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ ဌာနချုပ်တပ်ခွဲမှ ရဲမှူးသန်းအောင်နှင့် တပ်ရေးအရာရှိ ဒုတိယရဲမှူး မင်းမင်းတို့ ဦးစီး၍ တပ်ဖွဲ့ဝင် ၄၅ ဦးတို့သည် ပြည်မြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၅၀၀)၌ စုပေါင်းသွေးလှူဒါန်းကြသည်။)

မြို့နယ်(ပြန်/ဆက်)






## (၁၅-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၀ ~ ၃၆၇၁ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၁၅၅,၇၅၆.၇၃ | ၆,၁၉၉,၇၅၅.၁၁ | ၆,၄၄၉,၃၁၂.၁၇ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ မိုး/ဇလ

## ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၅**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာအိပ်ကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့် နေရာအား ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ တာမိုင် (၁၁/၆ + ၆၀၀') မှ (၁၁/၆ + ၆၅၀')အတွင်း Steel Cable Groyne (သံမဏိကြိုးအသုံးပြုရေစီးထိန်းလုပ်ငန်း)ဆောင်ရွက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ဝဲန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်း ဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ သေိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဝဲန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝဲန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကိုလူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့် ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကျွန်းစုမြို့နယ် အထက(ပထက်)၌ လူငယ်စကားဝိုင်း ကျင်းပ

**မြိတ် စက်တင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပထက်ကျေးရွာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အထက(ပထက်)ကျောင်းတွင် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ လူငယ်စကားဝိုင်းတွင် ကျောင်းအုပ်ဆရာမကြီး နော်ကေသီမိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေဇင်ဦးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

စကားဝိုင်းဆွေးနွေးရာတွင် အထက်တန်းနှင့် အလယ်တန်းကျောင်းသူလေးဦးက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ပရဟိတ၊ လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။ ခရိုင်(ပြန်/ဆက်)



## ကျောက်ဆည်မြို့၌ ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်ပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ယနေ့နံနက်ပိုင်းက ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်ပွဲ ကျင်းပရာ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။

ထို့နောက် ကျောက်ဆည်ခရိုင် အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ကျန်းမာရေးမှူး(၄)တို့၏ အခန်းကဏ္ဍအကြောင်း ရှင်းလင်းပြောကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

အဆိုပါသင်တန်းသို့ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ မြင်းခြံ၊ နွားထိုးကြီးမြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၈၇ ဦး တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းကာလမှ ခြောက်လ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ သက်မောင်(ကျောက်ဆည်)

## ခရိုင်အဆင့် ဒေသဆိုင်ရာသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ကသာ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အဆင့် ဒေသဆိုင်ရာသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံးခန်းမ၌



ပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်က သက်ကြီးရွယ်အိုများ၏ ခံစားပိုင်ခွင့်များရရှိစေရေး၊ ခရိုင်အတွင်း သက်ကြီးရွယ်အိုများအား ထောက်ပံ့နိုင်ရေးအတွက် ရပ်ကွက်/ ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ၊ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ကော်မတီများဖြင့် ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ပြောကြားသည်။

ထို့နောက် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်လှနွယ်က ကသာမြို့နယ်အတွင်း သက်ကြီးရွယ်အိုများ၏ စာရင်းများ ကောက်ယူထားရှိမှု အခြေအနေများ၊ လစဉ်သက်ကြီးရွယ်အိုများအား ထောက်ပံ့ကြေးပေးနိုင်ရေးအခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

ကျော်စွာ(ကသာ)

## မြစ်ကြီးနားမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ



**မြစ်ကြီးနား စက်တင်ဘာ ၁၅**

ကချင်ပြည်နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပွဲတော်တွင် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများ၊ ခါးကွင်းလှည့်ပြိုင်ပွဲ၊ စကားပုံဆက်၊ အရုပ်ဆက်၊ စက္ကူခေါက်၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ စာဖတ်ရှိန်မြှင့်တင်ရေး ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်/စာစောင် ငှားရမ်းပေးနေခြင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးခြင်းတို့ဖြင့် စည်ကားစွာ ဆောင်ရွက်ခဲ့သည်။

ပွဲတော်ကို ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်စီမံကိန်းစီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာရေကူးကန်၌ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားဆပ်ကော်မတီများ ပူးပေါင်းကျင်းပသည့် ရေကူးသင်တန်းဖွင့်ပွဲနှင့် ငြိမ်းချမ်းသာယာဘက်စုံသုံး သုံးထပ်အားကစားဆောင်၌ ကျင်းပသည့် ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား/အမျိုးသမီး အလွတ်တန်းဖိတ်ခေါ် ကလပ်အသင်းပေါင်းစုံ ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲတာဝန်ရှိသူများထံ ချီးမြှင့်ငွေများ ပေးအပ်ကာ ပြိုင်ပွဲကျင်းပမှုနေကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရန်ကင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁၁) ရပ်ကွက် လေ့ကျင့်ရေး အလယ်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဇော်နှင့် ရန်ကင်းမြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်သီတာစံတို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဂျွန်စံက စာရေးဆရာမ မအေးပွင့်အား ဂုဏ်ပြုအမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်ပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းပေးအပ်သည်။ ယင်းနောက် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပပြီး စာရေးဆရာမ မအေးပွင့်က "စာဖတ်ခြင်းအကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။ ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသူများအားတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

## အောင်မြေသာစံမြို့နယ်၌ သမဝါယမအသင်းမှ အသင်းသားများအား မော်တော်ဆိုင်ကယ်များ ရောင်းချပေး



**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်က သင့်တင့်သော အတိုးနှုန်းထားနှင့် သတ်မှတ်ကာလအတွင်း ပေးချေနိုင်သည့်စနစ်ဖြင့် မော်တော်ဆိုင်ကယ်များ ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါအသင်းရုံး၌ ပြုလုပ်သည်။

အဆိုပါအစီအစဉ်တွင် အောင်မြေသာစံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ အသင်းဥက္ကဋ္ဌ ဗိုလ်ကြီး စောထွန်းဦး(ငြိမ်း)၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ အသင်းဒုတိယဥက္ကဋ္ဌ ဗိုလ်မှူး ခင်မောင်မြင့်(ငြိမ်း)နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသားများ၊ အောင်မြေသာစံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူသန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အသင်းဝင်များအနေဖြင့် လိုအပ်ချက်ရှိပါက မော်တော်ဆိုင်ကယ်များ ဆက်လက်ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## သရက်မြို့နယ်၌ သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုများပေးအပ်

**သရက် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်ရှိ အသင်းသားတောင်သူများအား လူမှုစီးပွားမြှင့်တင်ရေး (သက်တန့်ရောင်စီမံကိန်း) အရင်းမပျောက် မတည်ရန်ပုံငွေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း မျိုး၊ သွင်းအားစုများ ပေးအပ်လျက်ရှိရာ မြေသြဇာများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက သရက်မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။



ဦးစွာ သရက်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးသန့်စင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် Dr ညိုဝင်းတို့က အမှာစကားပြောကြားပြီး သရက်မြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူးက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ မိုးစပါးစီမံကိန်း ဆောင်ရွက်သော မင်းတည်းကျေးရွာ မင်းရွှေစင်လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း၏ အသင်းသား တောင်သူ ၄၉ ဦး၏ စိုက်ဧက ၂၀၂ ဧကအတွက် ငွေကျပ် ၆၀၅၉၂၀၀၀ နှင့်ညီမျှသော သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက အောင်ပန်းမြို့ အမှတ်(၂) ခုတင်(၇၀၀)ဆံ့ တပ်မတော်ဆေးရုံ၌ တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု အမှတ်(၂၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးဇာနည်အောင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၆၀ တို့က စုပေါင်းသွေးလှူဒါန်းကြစဉ်။ ကျော်ဝင်း(ကလော)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့၊ ပန်းတင်အမြန်လမ်းရဲစခန်း၊ ဖောင်းလောင်ရဲကင်းစခန်း၊ ပိုတက်ရဲကင်းစခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များ၊ အတူနေမိသားစုဝင်များစုပေါင်း၍ စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ပန်းတင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကိုရဲ



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်ခိုင်တို့၏ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ ဖောင်တော်ဦးဘုရားတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ဘာမီသာ(ပခုက္ကူ)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့မှူး ရဲမှူးဇေယျာသန်းနှင့် တပ်ဖွဲ့ဝင်များက တောင်မြင့်ရပ်ကွက် မဟာသုန္ဒရာ ရာမကျောင်းတိုက်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## ဘီးလင်းမြို့နယ်၌ ကတ္တရာလမ်းခင်းနေမှုအား ကွင်းဆင်းစစ်ဆေး

**ဘီးလင်း စက်တင်ဘာ ၁၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် ကျောက်ရေတွင်း-ကံနီလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား မွန်ပြည်နယ် တာဝန်ခံ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ရွာဝင်လမ်းပိုင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၇၇ ဒသမ ၆၀၀ သန်းဖြင့် ဇူလိုင် ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ကာ လက်ရှိတွင် လုပ်ငန်းများ ၅၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျောင်းကျန်းမာရေး (သို့မဟုတ်) အနာဂတ်ကို ပျိုးထောင်ခြင်း

စိုးမိုး (စံပြကျောင်း၊ မန္တလေး)

(ယမန်နေ့မှအဆက်)

ကျောင်းသားများ ကိုယ်လက်လှုပ်ရှားအားကစားအနေဖြင့် ကာယလေ့ကျင့်ခန်း အတန်းငယ်များအတွက် ကာယအတွဲ (၁)၊ အတန်းကြီးသူများအတွက် ကာယအတွဲ(၂)များ ပြုလုပ်မှုကို ကျောင်းအလံတိုင်ရှေ့တွင် လက်တွေ့စစ်ဆေး အမှတ်ပေးကြသည်။

ထို့နောက်တွင်မှ ကျောင်းဝင်၊ ကျောင်းထွက်အတန်းအလိုက် ကိုယ်အလေးချိန်၊ အရပ်အမြင့် မှတ်တမ်းထားရှိ/မရှိ၊ အာဟာရကျွေး မှတ်တမ်းများ ရှိ/မရှိ၊ ကျန်းမာရေးဌာနကလာရောက်ပြီး ကျောင်းတွင် ကျန်းမာရေးဟောပြောမှု ရှိ/မရှိတို့ကို စစ်ဆေးကြပါသည်။ မိမိတို့အနေဖြင့် ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလတွင် အကဲဆတ်မည်ဟု ထင်ရသည့် ကြွေးကြော်သံသဘောသက်ရောက်သော **“အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းက”၊ “ပညာရေးဌာနသည် ကျန်းမာရေး ပညာပေးဌာနဖြစ်ရမည်”** ဤကဲ့သို့ ဆောင်ပုဒ်များကို ကျောင်းကျန်းမာရေးနှင့် ကျောင်းတွင်းအာဟာရကျွေးလုပ်ငန်း မြို့နယ်စီမံချက်စာအုပ်၏ ပထမစာမျက်နှာတွင် မဖော်ပြဘဲ low profile အနေဖြင့် ဒုတိယစာမျက်နှာ၌ ဖော်ပြခဲ့သည်။

ပညာရေးနှင့် ကျန်းမာရေးဌာနများအနေဖြင့် ညီရင်းအစ်ကိုတမျှ ခင်မင်စွာပေါင်းသင်းဆက်ဆံမှုဖြင့် ဌာနများအချင်းချင်းနံရံများ၏ ထုထဲမှုကို ဖြိုချနိုင်ခဲ့သည်။ မြို့နယ်ပညာရေးမှူးအနေဖြင့် ကျောင်းတိုင်းတွင် ကျောင်းကျန်းမာရေးတာဝန်ခံ ဆရာ ဆရာမ တစ်ဦး တာဝန်ပေးစေပြီး ဆရာ ဆရာမများ မြို့နယ်အတွင်း ကျောင်းပြောင်းရွှေ့လိုလျှင် ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်သည့်ကျောင်းဖြစ်မှ ဦးစားပေးမည်ဆိုသော အချက်အပေါ်တွင် အလေးဂရုပြု၍ ထောက်ခံခဲ့ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့ ကျန်းမာရေးဌာနအနေဖြင့်လည်း လကုန်ရက်တိုင်း ကျင်းပပြုလုပ်သည့် ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများ၏ လပတ်အစည်းအဝေးတွင် ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများအကြောင်း ပညာပေးဟောပြောခြင်း၊ ကူးစက်ရောဂါများနှင့် ကျေးလက်တွင် ကျန်းမာရေးဌာနက ဆောင်ရွက်နေသော ပဏာမ ကျန်းမာရေးစီမံချက်လုပ်ငန်းများ အောင်မြင်ရေးအတွက် ပညာရေးဌာနမှ ဆရာ ဆရာမများ၏ အကူအညီလိုအပ်ပုံနှင့် ထိရောက်ပုံကိုပြောပြရင်း ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးချောမွေ့မှုကို တည်ဆောက်ကြရသည်။

**ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်းစဉ်ကို ဖြစ်ပေါ်စေခဲ့**

ကျောင်းများအတွက် ကျန်းမာရေးပညာပေးလက်ကမ်းစာစောင်သစ်များကို ကျောင်းများသို့ လစဉ်ဝေငှခဲ့ခြင်းဖြင့် မြို့နယ်လုံးလွှမ်းခြုံသည့် ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်းစဉ်ကို ဖြစ်ပေါ်စေခဲ့သည်။ အထူးသဖြင့် မိမိတို့ မြို့နယ်ကျောင်းကျန်းမာရေးကော်မတီအနေဖြင့် ကျောင်းသားကလေးငယ်များ ရွတ်ဆိုရန် သင့်တော်ကောင်းမွန် အသံချိုသည့် သံပေါက်ကဗျာလေးများကို စပ်ဆိုပေးပြီး ဆရာ ဆရာမများမှတစ်ဆင့် ကျောင်းများသို့ လက်ဆင့်ကမ်းဖြန့်ဝေနိုင်ခဲ့သည်။

ကျန်းမာရေးပညာပေးကဗျာများကို ရွတ်ဆိုစေသည့်အပြင် ကဗျာ၏အဓိပ္ပာယ်ကို ရှင်းပြစေခြင်းဖြင့် သူတို့၏အသိအမြင်ကို ကျယ်ပြန့်စေခဲ့သည်။ ကျောင်းသားကလေးများအနေဖြင့် ကဗျာသည် အသံချိုသည့်အပြင် အုပ်စုလိုက်ရွတ်ဆို၍ ကောင်းသည့်အတွက် ပျော်ပျော်ပါးပါး ရွတ်ဆိုကြသည်။ အသံချိုရာမှ အဓိပ္ပာယ်သိရှိစေခြင်းဖြင့် အသိပညာတိုးတက်လာကာ ယင်းတို့၏ခံယူချက်အဖြစ်သို့ ပြောင်းလဲရောက်ရှိလာပြီး ၎င်းမှတစ်ဆင့် ကိုယ်တိုင်ဆောင်ရွက်မှု အလုပ်၊ အလုပ်မှသည် အမူအကျင့် စသည့်အပြုအမူပြောင်းလဲခြင်း ဆိုင်ရာကွင်းဆက်ဖြစ်စဉ်ကို တည်ဆောက်လာနိုင်စေခဲ့သည်။

ကဗျာများဖြင့် ပညာပေးသောကြောင့် များစွာထိရောက်အကျိုးရှိပုံကိုလည်း ဖော်ပြလိုပါသည်။ ပျော်ဘွယ်မြို့နယ်တွင် ထိုစဉ်က မြို့ပေါ် ရပ်ကွက်ရှစ်ခုနှင့် ကျေးရွာပေါင်း ၃၁၅ ရွာ ရှိပါသည်။ မြို့အရှေ့မြောက်ဘက်ရှိရွာများသည် ဝေးလံခေါင်းပါးပြီး တောင်ပေါ်ဒေသဖြစ်ရာ သွားလာရေးခက်ခဲ၊ လမ်းပန်းအဆင်မပြေ မလွယ်ကူလှပါ။ ထို့အတူ ပျော်ဘွယ်မြို့နယ် အနောက်ဘက်ဒေသအခေါ် ချောက်စီဒိုင်နယ်တွင် ရွာပေါင်း ၁၉ ရွာရှိပြီး ထိုဒေသသို့သွားရန် ပျော်ဘွယ်နယ် အဆုံး တောင်ညောင်ကုန်းရွာမှတစ်ဆင့် နတ်မောက်နယ်ကိုဖြတ်ပြီး ဒေသအခေါ် ကြောမဟုခေါ်ဆိုသည့် အလယ်ရိုးမပေါ်သို့ ပြန်တက်ကာ လှည်းလမ်းဖြင့် ခြောက်သွေ့သွေ့၊ မြေဆီပျက်သုဉ်းရာ လျှိုချောက်ကြီးများ၊ သဲဖုတ်တောများကို ဖြတ်သန်းပြီးမှ ရွာဆက်အလှမ်းဝေးရာ ကုန်းခေါင်ခေါင်ဒေသရွာများသို့ ရောက်ရှိရသည်။

> **ကျောင်းအဆောက်အအုံ ပရိဘောဂတည်းဟူသော ရုပ်ဝတ္ထုပစ္စည်းတို့က ငွေကြေးတတ်နိုင်သည်နှင့်အမျှ ချက်ချင်းပေါ်ထွန်းလာနိုင်သော်လည်း ကျောင်းကျန်းမာရေး အလေ့အကျင့်၊ ဆောင်ရွက်ချက်၊ အသိပညာ၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ဘဝနေထိုင်မှုဟန်ပန်တို့ကဲ့သို့သော စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုက ငွေရှိတိုင်း လုပ်ယူ၍မရ။ ယနေ့မှ မစလျှင် နောင်တွင် မျိုးဆက်နှင့်ချီ၍ နောက်ကျနေပေလိမ့်မည်**

ခရီးလမ်းပန်းခက်ခဲပြီး ဝေးလံသည်နှင့်အမျှ ထိုဒေသ၏ တစ်နှစ်အောက်ကလေးကာကွယ်ဆေးထိုးလုပ်ငန်းသည်လည်း လွှမ်းခြုံမှုမကောင်းလှပေ။ ကျွန်တော်တို့ မြို့နယ်ကျောင်းကျန်းမာရေးကော်မတီက စပ်ဆိုပေးသော “ယူစီအိုင်” တစ်နှစ်အောက်ကလေး ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဆိုသည့်ကဗျာလေးကို သင်ကြားပေးပြီးသကာလ ကလေးများမှတစ်ဆင့် ၎င်းတို့နေအိမ်၊ မိဘ၊ ဆွေမျိုးသားချင်းများထံသို့ ပျံ့နှံ့ရောက်ရှိသွားပြီး ငွေရှိတိုင်းထိုးမရသည့် ယူစီအိုင် ( Universal Child immunization UCI) ကာကွယ်ဆေး၏ တန်ဖိုး၊ စတင်ထုတ်လုပ်ရာ ဝေးလံသည့်နိုင်ငံများမှစ၍ အအေးလမ်းကြောင်း (Cold Chain) မပျက်အောင်ထားသို၊ သယ်ဆောင်လာပြီးမှ မြန်မာနိုင်ငံသို့ ရောက်လာပုံ၊ ရန်ကုန်မြို့ကြီးမှတစ်ဆင့် သက်ဆိုင်ရာကျေးလက်တောရွာများရှိ ကလေးများထံသို့ အဆင့်ဆင့်အအေးလမ်းကြောင်း မပျက် ခက်ခဲစွာသယ်ယူလာရပုံကို လူထုမှသိရှိပြီး တစ်နှစ်ခန့်အကြာတွင် ထိုဒေသရှိ ယူစီအိုင်ကာကွယ်ဆေးထိုးလွှမ်းခြုံမှု များစွာတိုးတက်လာခဲ့ပုံမှာ အပြောမဟုတ်၊ လက်တွေ့ပင်ဖြစ်ပါသည်။

ကျန်းမာရေးကို ထိခိုက်သော အဓိကအကြောင်းရင်းမှာ မသိနားမလည်မှုပင်ဖြစ်ပါသည်။ ကျန်းမာရေးပညာပေးခြင်းဟူသော သော့တံဖြင့် ဖွင့်မှသာ ရနိုင်သောအရာဖြစ်ပါသည်။ ယခုအချိန်တွင်တော့ ဒေသအခေါ် ကြောမဆိုသည့်ဒေသကို ဖြတ်၍ ရန်ကုန်-မန္တလေး အမြန်လမ်းသစ်ကြီး ပေါ်ထွန်းလာခဲ့ပြီ။

ကျောင်းတွင်းအာဟာရကျွေးလုပ်ငန်း ဆောင်ရွက်ရာတွင်လည်း ခံယူချက်အသိ လွဲတတ်ကြပါသည်။ မိမိတို့ဖြစ်စေလိုသည့် ရည်ရွယ်ချက်မှာ တစ်နေ့တာကလေးများ အာဟာရလိုအပ်ချက်၏ သုံးပုံတစ်ပုံကို ကျောင်း၌ပင် ပြီးစီးစေလိုခြင်းဖြစ်ပါသည်။ မျှတသောအာဟာရ ရရှိမှသာ ကြီးထွားမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့ကို ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ မျှတသောအာဟာရဆိုသည်မှာ ကြီးထွားဓာတ်၊ အင်အားဓာတ်၊ သက်စောင့်ဓာတ်ဆိုသည့် အာဟာရဓာတ်ကြီးသုံးမျိုးလုံး ပါဝင်သည့် အစာအာဟာရကို ဆိုလိုပါသည်။

အချို့က အာဟာရကျွေးဆိုပြီး ဒံပေါက်ကျွေးထားသည်။ တစ်နှစ်လုံးမှ တစ်ကြိမ်သာကျွေးသည်ကို မှတ်တမ်းတွင်တွေ့ရဖူးသည်။ အများစုသော ကျောင်းကျန်းမာရေးသဘောသဘာဝကို နားလည်သွားကြသူ ဆရာ ဆရာမများက ရွာရှိ အလှူရှင်ကကျွေးမွေးခြင်း၊ ကျောင်းသားများ၏ မွေးနေ့အထိမ်းအမှတ်ကျွေးမွေးခြင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့က ကူညီအားဖြည့်ကျွေးမွေးခြင်းတို့ကို ညှိနှိုင်းကြပ်မတ်ပြီး အမှန်အာဟာရဖြစ်မည့် ကန်စွန်းဥပြုတ်၊ သာကူကျို၊ ကြာဆံကြော် စသည်များကို ကျွေးမွေးစေရန် စီမံကြသည်။

မြို့ပေါ်မှ မြို့မမူလတန်း ကျောင်းအုပ်ဆရာကြီးက “သည်တစ်ပတ်သောကြာ ဖြည့်စွက်စာ”ဟုဆိုကာ အပတ်စဉ် သီးစုံပဲကုလားဟင်း အပိုဆောင်းချက်ကျွေးသည်။ ညီညွတ်မျှတအာဟာရ ဖြည့်စွက်စာပင်တည်း။ အချို့ကလေးများက ငှက်ပျောသီး လှူဒါန်းကျွေးမွေးကြသည်။ မည်သည့်အစာသည် အစာအုပ်စုကြီးသုံးမျိုးဖြစ်သော အင်အားဓာတ်(ကာဗိုဟိုက်ဒရိတ်)ထဲတွင်ပါသည်။ မည်သည့်အစာကတော့ ကြီးထွားဓာတ် (ပရိုတိန်း) အုပ်စုထဲပါ၍ မည်သည့်အစာကတော့ သက်စောင့်ဓာတ် (ဗီတာမင်နှင့် သတ္တုဓာတ်) အုပ်စုတွင် ပါဝင်သည်ကို ကလေးများ၏ အသိဉာဏ်တွင် စွဲမြဲစွာ မှတ်သားမိစေပြီး အစာအုပ်စု သုံးမျိုးလုံးပါဝင်မှသာ ညီညွတ်မျှတအာဟာရနှင့် ပြည့်စုံကြောင်း ငယ်စဉ်ကတည်းက သိစေရန်အပြင် ထမင်းဘူးထည့်၍ စုပေါင်းစားသောက်ခြင်းဖြင့် မရှိအတူရှိအတူ ဝေမျှတတ်သောစိတ်ဓာတ်ကို မွေးမြူလေ့ကျင့်စေချင်သော အပြုအမူကို ပျိုးထောင်ရာရောက်ပါသည်။ အသား၊ ငါးမစားနိုင်ကလည်း ကြီးထွားဓာတ်ခေါ် အသားဓာတ်ကြွယ်ဝသည့် ပဲ၊ ပဲပုပ်များကို အစားထိုးစားခြင်းလည်းပြုနိုင်ကြောင်း ဗဟုသုတပေးဝေနိုင်ခဲ့ပါသည်။

**ကျောင်းမှစ၍ လေ့ကျင့်ပျိုးထောင်**

အချုပ်အားဖြင့် ဆိုလိုချင်သည်မှာ ကျောင်းကျန်းမာရေးနှင့် ကျောင်းတွင်းအာဟာရကျွေးလုပ်ငန်းသည် ဟန်ပြလုပ်ငန်းအဖြစ် လုပ်ဆောင်ရန်မဟုတ်ဘဲ ကျောင်းသားငယ်များ၏ ရုပ်ပိုင်းဆိုင်ရာခန္ဓာကိုယ်ဖွံ့ဖြိုးရေးသာမက ကျန်းမာရေးအသိခံယူချက် မြင့်မားလာစေပြီး ကျန်းမာရေးနှင့်ညီညွတ်သော ဘဝနေထိုင်မှုဟန်ပန်တစ်ခုကို ကျောင်းမှစ၍ လေ့ကျင့်ပျိုးထောင်ပေးသော ဓလေ့ကိုဖြစ်ထွန်းစေရုံသာမက ကျန်းမာရေး၊ ပညာရေးနှင့် အခြားနီးနွယ်ဆက်စပ်ရာ ပါဝင်ဆောင်ရွက်သူများရော ကျောင်းသားမိဘများပါ ပူးပေါင်းဆောင်ရွက်မှ စဉ်ဆက်မပြတ် ရေရှည်ရှင်သန်ရပ်တည်နိုင်မည့် ကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်မည့်လုပ်ငန်းဟုလည်း ဆိုချင်ပါသည်။

ကျောင်းအဆောက်အအုံ ပရိဘောဂတည်းဟူသော ရုပ်ဝတ္ထုပစ္စည်းတို့က ငွေကြေးတတ်နိုင်သည်နှင့်အမျှ ချက်ချင်းပေါ်ထွန်းလာနိုင်သော်လည်း ကျောင်းကျန်းမာရေး အလေ့အကျင့်၊ ဆောင်ရွက်ချက်၊ အသိပညာ၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ဘဝနေထိုင်မှုဟန်ပန်တို့ကဲ့သို့သော စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုက ငွေရှိတိုင်း လုပ်ယူ၍မရ။ ယနေ့မှ မစလျှင် နောင်တွင် မျိုးဆက်နှင့်ချီ၍ နောက်ကျနေပေလိမ့်မည်။

မိမိတို့ဝန်ထမ်းများကတော့ ခရီးသွားများဖြစ်ပြီး မိမိတို့တာဝန်ကျရာ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ခြင်းသည်ပင်လျှင် အုပ်ချုပ်ရေး၊ လူမှုရေးယန္တရားကြီး၏ ကောင်းမွန်သည့် ခွေးသွားစိပ်၊ အရစ်မပြုန်းသည့် ဝက်အူလေးများအဖြစ် တာဝန်ထမ်းဆောင်နိုင်ခြင်းကို ဂုဏ်ယူလျက် မကုန်ဆုံးနိုင်သောပီတိကို ပွားများနိုင်ပေလိမ့်မည်။

ဝန်ထမ်းများအနေဖြင့် ကိုယ်တာဝန်ကျရာဒေသ၌ “လူပြန်လျှင်မှုကျန်စေရမည်” ဟူသည့်ဓွဲ၊ စိတ်ဓာတ်တို့ဖြင့် ဆောင်ရွက်ပေးခဲ့ရန်သာ အရေးကြီးလှပါသည်။ အမှန်စင်စစ်လည်း ကျောင်းကျန်းမာရေးလုပ်ငန်းဖြင့် ကျန်းမာရေးပညာပေးခြင်းကို ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းတစ်ရပ်အဖြစ် သင်ရိုးပြင်ပ (သို့မဟုတ်) တွဲဖက်သင်ရိုးအဖြစ် ထည့်သွင်းဆောင်ရွက်နိုင်ပါက ကောင်းပေစွဟုလည်း ထိုစဉ်ကတည်းက တွေးတောမျှော်လင့်နေမိခဲ့ပါသည်။ ။



## စမ်းချောင်းမြို့နယ် သမဝါယမအသင်းစု အမှုဆောင်သစ်များရွေးချယ်

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အခမ်းအနားနှင့် အမှုဆောင်သစ်များပြန်လည်ရွေးချယ်ပွဲကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက အဆိုပါရုံး၌ ပြုလုပ်သည်။

အစည်းအဝေးပထမပိုင်းတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဝင်းတင်က သဘာပတိအဖြစ်ဆောက်ရွက်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်း၍ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က ပိုမိုကောင်းမွန်သောသမဝါယမစနစ်ဖော်ဆောင်နိုင်ရေး ဆွေးနွေးပြောကြားသည်။

အစည်းအဝေးဒုတိယပိုင်းတွင် တိုင်းဒေသကြီးသမဝါယမဦးစီးမှူးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဆိုပြုထောက်ခံစနစ်ဖြင့် မြို့နယ်သမဝါယမအသင်းစု အမှုဆောင်သစ်များရွေးချယ်ပေးခဲ့ကာ အမှုဆောင်သစ်အဖွဲ့ဝင်ဒါရိုက်တာများက ဦးစီးမှူးရှေ့မှောက်၌ ကတိသစ္စာခံယူခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ထိုင်းနိုင်ငံ ရာယောင်းပြည်နယ်၌ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်

ဗန်ကောက် စက်တင်ဘာ ၁၅

ထိုင်းနိုင်ငံ အရှေ့ပိုင်း စက်မှုလုပ်ငန်းများတည်ရှိသည့် ရာယောင်းပြည်နယ်အတွင်း တရုတ်နိုင်ငံ၏ နည်းပညာမြင့်ကုန်ထုတ်လုပ်မှု၊ လျှပ်စစ်ကားနှင့် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအတွက် အဓိကကျသော နေရာတစ်ခု ဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။



**တိုက်တွန်းပြောကြား**

မကြာသေးမီက ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲတစ်ခုတွင် ရာယောင်းပြည်နယ်အုပ်ချုပ်ရေးမှူး Traiphop Wongtrairat က တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းကို ရာစုနှစ်များစွာကြာ သမိုင်းဝင်ဆက်ဆံရေး၏ အဆက်အစပ်တစ်ခုအဖြစ်ဖော်ပြခဲ့ပြီး တရုတ်စီးပွားရေးလုပ်ငန်းများအနေဖြင့် ရာယောင်းပြည်နယ်ကို ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုအတွက် မိတ်ဖက်နယ်မြေတစ်ခုအဖြစ် ရှုမြင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ရေရှည်တည်တံ့သော နှစ်နိုင်ငံကုန်စည်စီးဆင်းမှု ကွင်းဆက်ကို ခိုင်မာစေရန်အတွက် ကမ်းရိုးတန်းတစ်လျှောက် အကောင်အထည်ဖော်ဆောင်ရွက်နေသော သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံစီမံကိန်းများကို ၎င်းကမီးမောင်းထိုးပြခဲ့သည်။ ၎င်းတို့တွင် ရာယောင်းရှိ မပ်တာဖွတ် ရေနက်ဆိပ်ကမ်းနှင့် ချွန်ဘူရီရှိ လမ်ချာဘန် ဆိပ်ကမ်းတိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများပါဝင်သည်။

BYD၊ Changan နှင့် Chery ကဲ့သို့သော အဓိက EV ကားထုတ်လုပ်သူများအပြင် ဘက်ထရီ၊ အီလက်ထရွန်နစ်ပစ္စည်းနှင့် မော်တော်ယာဉ်အစိတ်အပိုင်း ထောက်ပံ့ပေးသူများပါဝင်သည့် တရုတ်နိုင်ငံမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အစုလိုက်အပြုံလိုက် တည်ရှိလာမှုကြောင့် ရာယောင်းပြည်နယ်သည် ယခုအခါ ထိုင်းနိုင်ငံတွင် လူတစ်ဦးချင်းဝင်ငွေ အမြင့်ဆုံး ရရှိသောပြည်နယ်ဖြစ်လာကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရေရှည်တည်တံ့သော ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်စေရန်အတွက် ရင်းနှီးမြှုပ်နှံသူများအား ဒေသတွင်း စံချိန်စံညွှန်းများကို လိုက်နာရန်နှင့် အဆောက်အအုံဆောက်လုပ်ခွင့်၊ မြေနေရာသတ်မှတ်ချက်နှင့် လေထု၊ ဆူညံသံနှင့် ဒေသတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး စောင့်ကြည့်စစ်ဆေးမှုများအတွက် တာဝန်ရှိသူများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ကြရန် ၎င်းက တိုက်တွန်းခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# သီရိလင်္ကာ၌ ဝန်ထမ်းများ ကလေးသူငယ်ဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်း လက်မှတ်ရရှိရန် လိုအပ်

ကိုလံဘို စက်တင်ဘာ ၁၅

အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများတွင် ကလေးသူငယ်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ရာထူးများ၌ ဝင်ရောက်လုပ်ကိုင်မည့်သူများသည် ကလေးသူငယ်ဆိုင်ရာ ပြစ်မှုများ ကျူးလွန်သည်ဟု စွပ်စွဲခံထားရခြင်း မရှိကြောင်း အတည်ပြုဖော်ပြသည့် လက်မှတ်ကိုရယူထားရန် လိုအပ်မည့် ဥပဒေများကို သီရိလင်္ကာအစိုးရက ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဝန်ကြီး Saroja Paulraj က စက်တင်ဘာ ၁၅ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ အစီအစဉ်အတွက် အတည်ပြုချက်ရယူရန် ဝန်ကြီးဌာနအနေဖြင့် အစိုးရအဖွဲ့ထံသို့ စာတမ်းတစ်စောင် တင်ပြထားပြီးဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါ လက်မှတ်များကို ရဲတပ်ဖွဲ့နှင့် အခြားသောတရားဝင်ခွင့်ပြုချက်ရ အဖွဲ့အစည်းတစ်ခုခုထံမှ ရယူရမည်ဖြစ်သည်။ လက်ရှိ တာဝန်ထမ်းဆောင်နေသော အများပြည်သူဆိုင်ရာ ဝန်ထမ်းများအနေဖြင့်လည်း လစာတိုးမြှင့်ခံရချိန် သို့မဟုတ် ဝန်ထမ်းသက်တမ်းအတွင်း အရေးပါသောအဆင့်များသို့ ရောက်ရှိချိန်များအပါအဝင် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားများတွင် အဆိုပါ လက်မှတ်ကို ပြန်လည်သက်တမ်းတိုးရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

အစိုးရက အများပြည်သူဆိုင်ရာ ဝန်ထမ်းခန့်အပ်မှုများကို ပြန်လည်စတင်လုပ်ဆောင်နေချိန်တွင် ယခုအဆိုပြုချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အစိုးရဝန်ထမ်းသစ် ၁၂၀၀၀၀ ခန့် ခန့်အပ်ရန် အတည်ပြုပြီးဖြစ်ကြောင်း အစိုးရက ဩဂုတ်လတွင် ပြောကြားခဲ့သည်။ ကလေးသူငယ်များအတွက် ကာကွယ်စောင့်ရှောက်မှုများကို ပိုမိုအားကောင်းစေရန်နှင့် ယုံကြည်အားထားရသော ရာထူးများတွင် တာဝန်ထမ်းဆောင်သူများအနေဖြင့် သင့်လျော်သော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် ရည်ရွယ်၍ ယခုစည်းမျဉ်းသစ်ကို ချမှတ်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဂျပန်နိုင်ငံ၌ အသက်ရာကျော်ရှည်သည့် သက်ကြီးရွယ်အိုအရေအတွက် စံချိန်တင်မြင့်တက်

တိုကျို စက်တင်ဘာ ၁၅

ဂျပန်နိုင်ငံ၌ အသက်ရာကျော်ရှည်သည့် သက်ကြီးရွယ်အိုအရေအတွက်သည် နှစ်ပေါင်း ၅၆ နှစ်အတွင်း ပထမဆုံးအကြိမ် စံချိန်တင်အဖြစ် ၁၀၀၀၀၀ ကျော် ရှိလာခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း အသက်ရာကျော်ရှည်သည့် သက်ကြီးရွယ်အိုအရေအတွက်သည် ယမန်နှစ်ကထက် ၇၉၁၄ ဦးတိုးလာခဲ့ပြီး ယခုနှစ် စက်တင်ဘာလတွင် ၁၀၇၆၇၇ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

၎င်းတို့အနက် အမျိုးသမီးအရေအတွက်သည် ၈၈ ရာခိုင်နှုန်းရှိကာ အရေအတွက်အားဖြင့် ၉၄၂၉၈ ဦးရှိပြီး အမျိုးသားဦးရေမှာ ၁၃၃၇၉ ဦးရှိသည်။ လက်ရှိ အသက်အကြီးဆုံး အမျိုးသမီးမှာ ကျိုတိုမြို့တွင်နေထိုင်သည့် အသက် ၁၁၄ နှစ်အရွယ်ရှိ ကီရီမိုတိုဖူယို ဖြစ်ပြီး အသက်အကြီးဆုံး အမျိုးသားမှာ ကူမာမိုတိုမြို့တွင် နေထိုင်သည့် အသက် ၁၁၂ နှစ် အရွယ်ရှိ ကာတို ဟီကာယူ ဆိုသူဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ စီရင်စုများအလိုက် အသက်ရာကျော်ရှည်သူများတွေ့ရှိမှုကို လေ့လာပါက ရှီမာနီစီရင်စုသည် အသက်ရာကျော်ရှည်သည့် လူဦးရေ အချိုးအစား အများဆုံးဖြစ်ကာ ဒေသခံတစ်သိန်းလျှင် ၁၈၆ ဒသမ ၆၅ ရာခိုင်နှုန်းမှာ အသက်ရာကျော်ရှည်သူများ ဖြစ်ကြောင်းနှင့် ၎င်း၏နောက်တွင် ကိုချီစီရင်စုက ၁၆၉ ဒသမ ၅၂ ရာခိုင်နှုန်းနှင့် တိုတိုယီ စီရင်စုက ၁၅၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် တည်ရှိနေကြောင်း သိရသည်။

၁၉၆၃ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ သက်ကြီးရွယ်အိုများဆိုင်ရာ လူမှုဖူလုံရေးဥပဒေကို ပြဋ္ဌာန်းခဲ့စဉ်က အသက် ၁၀၀ နှင့်အထက်ရှိသူ ၁၅၃ ဦးသာ ရှိခဲ့ရာမှ ၁၉၉၈ ခုနှစ်တွင် ၁၀၀၀၀ အထိ တိုးလာခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၅၀၀၀၀ ထက် ကျော်လွန်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ် ပြောင်းလဲမြှင့်တင်ရေး ရန်ပုံငွေ ကန်ဒေါ်လာ ၂၇ ဘီလီယံ ထပ်မံလိုအပ်



ဂျကာတာ စက်တင်ဘာ ၁၅

အင်ဒိုနီးရှားနိုင်ငံ၌ လာမည့်ငါးနှစ်အတွင်း အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ် ပြောင်းလဲမြှင့်တင်ရန်နှင့် နိုင်ငံသားများ သက်တမ်းစေ့ နေထိုင်နိုင်ရေးအတွက် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၂၇ ဘီလီယံ ထပ်မံလိုအပ်နေကြောင်း ကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီဆာဒီကန်က စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

အစိုးရအနေဖြင့် နိုင်ငံသားများ၏ ပျမ်းမျှသက်တမ်းကို ၇၆ နှစ်အထိနှင့် ကျန်းမာစွာနေထိုင်နိုင်မည့် သက်တမ်းကို ၆၅ နှစ်အထိ မြှင့်တင်ရန်ရည်ရွယ်ဆောင်ရွက်နေပြီး ၎င်းရည်မှန်းချက်အား သမ္မတပရာဘိုဝို ဆူဘီရန်တိုက ချမှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**မြှင့်တင်နိုင်မည်**

ကျန်းမာရေးစနစ် ပြုပြင်ပြောင်းလဲရေးအတွက် အမေရိကန်ဒေါ်လာ ၂၂၃ ဘီလီယံ ကုန်ကျမည်ဟု ခန့်မှန်းထားပြီး အစိုးရနှင့် ကျန်းမာရေးကဏ္ဍတို့ထံမှ ဒေါ်လာ ၂၀၃ ဘီလီယံခန့်ကို ရရှိပြီးဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့်လည်း ကျန်းမာရေးဆိုင်ရာ နည်းပညာများကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရပ်ရွာအခြေပြု ကျန်းမာရေးစခန်းများသို့ လူ့ခန္ဓာကိုယ် တိုင်းတာရေးကိရိယာ ၃၀၀၀၀၀၊ အာလ်ထရာဆောင်းစက် ၁၀၀၀၀ နှင့် တီဘီရောဂါ စစ်ဆေးရှာဖွေရေးအတွက် X-ray စက်များ ဖြန့်ဖြူးပေးအပ်ခြင်းတို့ကို မကြာမီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရောဂါကာကွယ်ရေးနှင့် ရောဂါရှာဖွေနိုင်ရေးတို့ကို အားကောင်းစေမည့် ကြိုးပမ်းအားထုတ်မှုများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ကုသမှုပေးသည့်နေရာ၌ပင် ရောဂါ ချက်ချင်းစစ်ဆေးနိုင်သော နည်းပညာကို အသုံးပြုလျက်ရှိပြီး အခမဲ့ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်းနှင့် မျိုးဗီဇဆိုင်ရာစစ်ဆေးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါ ကူးစက်ခံရသူ ၇၂၀၀ ကျော်ရှိလာ

ကင်ရှာဆာ စက်တင်ဘာ ၁၅

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကူးစက်ခံရသူ ၇၂၀၀ ကျော်ရှိလာပြီး လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိဒေသအများအပြားတွင် ရောဂါကူးစက်မှုများတွေ့ရှိနေရကြောင်း အစိုးရ၏ စက်တင်ဘာ ၁၅ ရက် ထုတ်ပြန်ချက်အရ သိရသည်။

ဒေသခုနစ်ခုတွင် ရောဂါအတည်ပြုကူးစက်ခံရသူ ၇၂၅၈ ဦးရှိကာ ၎င်းတို့တွင် ၃၅၁၀ ဦးနှင့် ပြန်လည်ကျန်းမာလာသူ ၁၇၂၆ ဦးရှိကြောင်း အစိုးရက ထုတ်ပြန်ခဲ့သည်။ လက်ရှိအချိန်တွင် ရောဂါကြောင့် ထိခိုက်သေဆုံးသူ ၄၈ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ နိုင်ငံအတွင်းရှိ အိုင်တူယီ၊ မြောက်ကီဗူ၊ တောင်ကီဗူ၊ ဟော့ယူလီ၊ ဗတ်စ်ယူလီ၊ တက်စ်ရှိုပိုနှင့် ဆက်ယူဗန်ဂီစသည့် ဒေသများတွင် အီဘိုလာရောဂါ ကူးစက်မှုများကို တွေ့ရှိရကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်သူ တရားခံ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၃ ဦးတို့အား သက်သေခံပစ္စည်းနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၁)ရပ်ကွက် ဗိုလ်ဆွန်ပက်လမ်းရှိ အိမ်အမှတ်(၁၈၃)၌ အွန်လိုင်းလောင်းကစားပြုလုပ်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့ ညပိုင်းတွင် အဆိုပါနေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ One5one၊ buffalo 169၊ fujiu နှင့် Sport169 Game Website များတွင် Agent အကောင့် ခုနစ်ခုဖွင့်လှစ်၍ အွန်လိုင်းဂိမ်း လောင်းကစားလုပ်ငန်းအား ဦးဆောင်လုပ်ကိုင်သူ အေးညာဏ်ပိုင်နှင့် တရားခံ အမျိုးသား ငါးဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၂၅ ဦးတို့အား အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော All In One Computer သုံးလုံး၊ System Box နှင့်တွဲလျက် Computer Desktop ရှစ်လုံး၊ Computer Desktop နှစ်လုံး၊ Laptop ၁၂ လုံး၊ ပရင်တာတစ်လုံး၊ လက်ကိုင်ဖုန်း ၃၆ လုံး၊ Tablet ဖုန်းသုံးလုံး၊ ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် အေးညာဏ်ပိုင်နှင့် ပူးတွဲလုပ်ကိုင်သူ စိုင်းအောင်သူ(ခ)ဖိုးရှမ်းအား တာချီလိတ်မြို့၌ လက်ကိုင်ဖုန်းနှစ်လုံး၊ Tablet တစ်လုံးနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဩဂုတ်လ ၂၃ ရက်နေ့ ညနေပိုင်းတွင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကမ်းနားလမ်း အမှတ်(၃၈၈/၃၉၈)၊ Golden Team Mansion အိမ်ရာ မြေညီထပ်ရှိ အခန်းအမှတ်(B6/B7)အား ဝင်ရောက်စစ်ဆေးခဲ့ရာ တရားခံ အင်ကြင်းမြိုင်အား "99 Legends Online Game" လောင်းကစားရာတွင် အသုံးပြုသော All in One Computer ၁၃ လုံး၊ Monitor ၁၆ လုံး၊ System Box ၁၅ လုံး၊ UPS ၄၈ လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ဩဂုတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် "99 Legends Online Game" ၏ HR အဖြစ် ကြီးကြပ်လုပ်ကိုင်သူ နန်းဟွမ်ယုန်း (ခ)ရှန်းရှန်း (ခ) အစ်မအား ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ဗိုလ်တေဇလမ်းနှင့် သစ္စာလမ်းထောင့်ရှိ နေအိမ်၌ လက်ကိုင်ဖုန်းတစ်လုံး၊ Tablet တစ်လုံးနှင့် လည်းကောင်း၊ ဩဂုတ်လ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် စီမံခန့်ခွဲလုပ်ကိုင်သူ အောင်ကျော်(ခ)AK အား ဗိုလ်တထောင်မြို့နယ် (၅)ရပ်ကွက် ဗိုလ်တထောင်ဘုရားလမ်း အမှတ် (၁၂၃/၁၂၅)၌ iPhone သုံးလုံး၊ iPad တစ်လုံး၊ Apple MacBook လေးလုံးတို့နှင့် လည်းကောင်း၊ စက်တင်ဘာလ ၁ ရက်နေ့ ညနေပိုင်းတွင် Leader အဖြစ် လုပ်ကိုင်သူ ခိုင်နှင်းဝေ(ခ)မခိုင်အား တောင်ဥက္ကလာပမြို့နယ် (၁၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ လက်ကိုင်ဖုန်းတစ်လုံးနှင့် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အောင်ကျော်(ခ)AKအား စစ်ဆေးရာ ၎င်းသည် ၂၀၂၅ ခုနှစ် ဧပြီလခန့်မှစတင်၍ "99 Legends Online Game" လောင်းကစား လုပ်ငန်းအား ဖမ်းဆီးရန်ကျန် တရားခံဖြစ်သူ တရုတ်(တိုင်ပေ) မှ PI CHIEF YU (ခ) Jack Pi (ခ) JP ၏ စေခိုင်းမှုဖြင့်စတင်၍ စီမံခန့်ခွဲလုပ်ကိုင်ခဲ့ကြောင်း၊ ၎င်းနှင့်အတူ ခိုင်နှင်းဝေ(ခ)မခိုင်၊ နန်းဟွမ်ယုန်း(ခ)ရှန်းရှန်း (ခ)အစ်မ၊ အင်ကြင်းမြိုင်နှင့် ဖမ်းဆီးရန်ကျန်တရားခံ အမျိုးသား ရှစ်ဦး၊ အမျိုးသမီးခြောက်ဦးတို့က ဝန်ထမ်းများအဖြစ် ပူးပေါင်းပါဝင်လုပ်ကိုင်ခဲ့ကြပြီး အောင်ကျော်(ခ) AK မှရရှိသည့် လောင်းကြေးငွေများအား တရုတ်(တိုင်ပေ)မှ PI CHIEF YU (ခ) Jack Pi (ခ) JP ၏ Bank အကောင့်များသို့ လွှဲပြောင်းပေးပို့ရပြီး လောင်းကြေးအနိုင်အရှုံးစာရင်းများအား Telegram မှတစ်ဆင့်ပေးပို့ရကြောင်း၊ ၎င်း တရုတ် (တိုင်ပေ)မှ PI CHIEF YU (ခ) Jack Pi (ခ) JP သည် ၂၀၂၅ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။


အောင်ကျော်(ခ)AK အား ဆက်လက်စစ်ဆေးချက် အရ ၎င်းထံသို့ Online 1D/2D/3D လောင်းကြေးစာရင်းများ ပေးပို့ခဲ့သူ အောင်ဇင်ဦးနှင့် ရဲကျော်ကျော်တို့နှစ်ဦးအား စက်တင်ဘာလ ၁ ရက်နေ့ ညပိုင်းတွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၈) ရပ်ကွက် ကျန်စစ်မင်းအိမ်ရာ၊ အခန်းအမှတ်(၁၀၂)၌ လက်ကိုင်ဖုန်း နှစ်လုံး၊ မော်တော်ယာဉ်နှစ်စီးတို့နှင့် ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦးကို စစ်ဆေးချက်အရ ယင်းတို့အား Online 1D/2D/3D လောင်းကစား လုပ်ငန်းများကို အောင်ကျော်(ခ)AK နှင့် ဆက်သွယ် လုပ်ကိုင်ရာတွင် ဦးဆောင်စေခိုင်း၍ နည်းပညာနှင့် ငွေကြေး ထောက်ပံ့ပေးသူမှာ တွံတေးမြို့ မင်းပိုင်းရပ်ကွက်နေ နိုင်ဝင်းထွန်း(ခ) နိုင်ဝင်းဖြစ်ကြောင်း၊ နိုင်ဝင်းထွန်း(ခ)နိုင်ဝင်း နှင့်အတူ ရှယ်ယာထည့်ဝင်လုပ်ကိုင်သူမှာ တေဇာအောင်(ခ) အောင်အောင် ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့နှစ်ဦးအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၃ ရက်နေ့ ညနေပိုင်းတွင် တေဇာအောင် (ခ) အောင်အောင်အား လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက် ကျန်စစ်မင်းအိမ်ရာ တိုက်(၂၀) အခန်းအမှတ်(၁၀၁)၌ လက်ကိုင်ဖုန်းသုံးလုံးနှင့် လည်းကောင်း၊ စက်တင်ဘာလ ၈ ရက်နေ့ မွန်းလွဲပိုင်းတွင် နိုင်ဝင်းထွန်း (ခ)နိုင်ဝင်းအား တောင်ငူမြို့နယ် ကန်ရိုးကျေးရွာအနီးတွင် လက်ကိုင်ဖုန်းတစ်လုံးနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် မဟာဗန္ဓုလလမ်းရှိ နိုင်ဝင်းထွန်း(ခ) နိုင်ဝင်း၏နေအိမ်မှ Online 1D/2D/3D လောင်းကစားရာတွင် အသုံးပြုသည့် Laptop နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ နိုင်ဝင်းထွန်း(ခ) နိုင်ဝင်း၏ ထွက်ဆိုချက်အရ စက်တင်ဘာလ ၈ ရက်နေ့ ညပိုင်းတွင် Online 1D/2D/3D လုပ်ငန်းများအား ၎င်းမှတစ်ဆင့် လက်ခွဲလုပ်ကိုင်သည့် ၎င်း၏ညီဖြစ်သူ ကျော်စွာဝင်း(ခ)ကျော်ကျော်အား ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၀)ရပ်ကွက် နန္ဒဝန်လမ်းရှိ အိမ်အမှတ်(၉၁)၌လည်းကောင်း၊ ၎င်း၏ စာရင်းကိုင်ဖြစ်သူ စန်းစပွယ်ဖူးအား လက်ကိုင်ဖုန်း တစ်လုံး၊ Laptop တစ်လုံးတို့နှင့်အတူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ၎င်း၏နေအိမ်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။


ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အွန်လိုင်းအသုံးပြု၍လောင်းကစားလုပ်ငန်း လုပ်ကိုင်သူ ဖမ်းဆီးရမိတရားခံ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၆ ဦးတို့အား တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ၊ လက်ကိုင်ဖုန်း၊ ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ် နှစ်စီးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ အသုံးပြုလျက်ရှိသည့် Bank Account ၁၂ ခုမှ အွန်လိုင်းလောင်းကစားပြုလုပ်၍ ရရှိထားသည့် ငွေကျပ် ၃၉၆၈ သိန်းကို ထိန်းချုပ်ထားရှိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် ဖမ်းဆီးရန်ကျန် တရားခံများအား ဆက်လက် ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် Agent Account ခုနစ်ခုဖွင့်လှစ်၍ အွန်လိုင်းဂိမ်းလောင်းကစားလုပ်ငန်းအား ဦးဆောင်လုပ်ကိုင်သူ တရားခံ အေးညာဏ်ပိုင်ပါ တရားခံ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၁၉ ဦးတို့အား ဖမ်းဆီးရမိမှုအခြေပြဇယား




ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်သူ တရားခံ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၃ ဦးတို့အား သက်သေခံပစ္စည်းနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုအခြေပြဇယား



# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား လေးဦး မြန်မာ - ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ – ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား လေးဦးတို့အား မြန်မာ – ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်



ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Case Officer and Interpreter Ms. Maria Alexandra G.Contreras နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ Administrative and Technical Staff Mr. Mohammad Din Islam နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၂၆၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၉၂၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၃၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၄၀ ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၉၇ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ထိုင်းနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့သည့် မြန်မာအလုပ်သမား၏ အာမခံကြေး ဘတ် ၁ ဒသမ ၅ သန်း မိခင်ထံပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၅**


ထိုင်းနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့သည့် မြန်မာအလုပ်သမား၏ အာမခံကြေး ဘတ် ၁ ဒသမ ၅သန်းကို မိခင်ဖြစ်သူထံပေးအပ်ခဲ့ကြောင်း အလုပ်သမား သံအရာရှိရုံးမှ သိရသည်။

ရောဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ထိုင်းနိုင်ငံသို့ လာရောက် အလုပ်လုပ်ကိုင်ခဲ့သည့် မြန်မာနိုင်ငံသား ဦးကျော်သက်အောင်သည် ၂၀၂၆ ခုနှစ် မေ ၂၁ ရက်တွင် ယာဉ်မတော်တဆမှုဖြစ်ပွား၍ အသက်ဆုံးရှုံးခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဦးကျော်သက်အောင် ရသင့်ရထိုက်သည့် ပုဂ္ဂလိက အာမခံကုမ္ပဏီ၏ အာမခံကြေးငွေများ ရရှိရေးအတွက် အလုပ်သမား သံအရာရှိရုံးမှ ကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

**သတင်းထုတ်ပြန်ထား**

ထို့နောက် အဆိုပါအာမခံကြေးငွေများကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် အလုပ်သမားသံအရာရှိရုံး၌ ဦးကျော်သက်အောင်၏ မိခင်ဖြစ်သူ ဒေါ်ခင်သန်းထံသို့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း အလုပ်သမား သံအရာရှိရုံးမှ သတင်းထုတ်ပြန်ထားသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်ကြားခြင်း၊ အကူအညီ တောင်းခံခြင်းများ ပြုလုပ်လိုပါက အလုပ်သမား သံအရာရှိရုံးများ၏ ဖုန်းနံပါတ်များဖြစ်သည့် ရှိ အလုပ်သမားသံအရာရှိရုံး (Call Center) 020030015၊ အလုပ်သမားသံမှူး (ဗန်ကောက်) 0618108454၊ အလုပ်သမား သံအရာရှိ (ဗန်ကောက်) 0626890119၊ အလုပ်သမား သံအရာရှိ (ဗန်ကောက်) 0652206952၊ အလုပ်သမား သံအရာရှိ(မဲဆောက်) 0652206953၊ အလုပ်သမား သံအရာရှိ(ချင်းမိုင်) 0945866607၊ အလုပ်သမား သံအရာရှိ(ရနောင်း) 0634818121




သေဆုံးသူ မြန်မာအလုပ်သမား၏ မိခင်ဖြစ်သူထံ အာမခံကြေးငွေများ လွှဲပြောင်းပေးအပ်စဉ်။

ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း အညီ တောင်းခံတိုင်ကြားနိုင်ကြောင်း သတင်းပေးပို့ပြီး အကူ တိကျစွာ သတင်းပေးပို့ပြီး အကူ ကြောင်း သိရသည်။ **MT**

❂ ကျောဖုံးမှ

အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်ခမ်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများ နေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါနေရာသို့သွားရောက်၍ စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၃ ဦးတို့အား Type–81 သေနတ် တစ်လက်၊ ကျည်တောင့် ၆၀၊ ကျည်အိမ် လေးခု၊ ဖုန်းမျိုးစုံ ၂၂ လုံး၊ Laptop တစ်လုံး၊ Starlink လေးစုံ၊ 12 V Battery တစ်လုံး၊ Solar Battery နှစ်လုံး၊ Solar (620 W) ခြောက်ချပ်၊ Solar (420 W) တစ်ချပ်၊ အုတ်ကာသွပ်မိုး အလျား ပေ ၅၀၊ အနံ ပေ ၃၀ အဆောက်အအုံ တစ်လုံး၊ သွပ်ကာသွပ်မိုး အလျား ပေ ၃၀၊ အနံ ပေ ၂၀ အဆောက်အအုံ နှစ်လုံးနှင့် အခြားလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



သီပေါမြို့နယ် နမ့်ခမ်းကျေးရွာအနီး အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။





သီပေါမြို့နယ် နမ့်ခမ်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား ဖမ်းဆီးရမိမှု။

# စိတ်ဖိစီးမှုကင်းမှသာ လုပ်ငန်းခွင်အတွင်းပျော်ရွှင်မှာ ....

ဒေါက်တာခိုင်ခိုင်ဝင်း

လူတစ်ဦး၏ဘဝတွင် အချိန်အများဆုံးကုန်ဆုံးရသည့်နေရာများထဲ၌ လုပ်ငန်းခွင်သည်လည်း အပါအဝင်ဖြစ်ပါသည်။ နေ့စဉ်အလုပ်တာဝန်များကို ထမ်းဆောင်ရင်း အချိန်အများစုကို လုပ်ငန်းခွင်တွင် ဖြတ်သန်းနေရသောကြောင့် လုပ်ငန်းခွင်သည် ဝန်ထမ်းတစ်ဦးအတွက် လစာရရှိရန်အတွက်သာမက စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးအရပါ အရေးကြီးသောပတ်ဝန်းကျင်တစ်ခု ဖြစ်လာပါသည်။

လုပ်ငန်းခွင်ကြောင့် ဝင်ငွေရရှိခြင်း၊ အသိပညာအတွေ့အကြုံတိုးလာခြင်း၊ မိတ်ဆွေသူငယ်ချင်းတိုးလာခြင်း၊ နေ့စဉ်ဘဝတွင် သင်ယူနိုင်ခြင်းစသည့် ကောင်းမွန်သည့်ရလဒ်များ ရရှိနိုင်သည့်နည်းတူ လုပ်ငန်းခွင်တွင် တာဝန်များပြားခြင်း၊ အချိန်ကန့်သတ်ချက်များခြင်း၊ အလုပ်ဖိအားများခြင်း၊ လုပ်ဖော်ကိုင်ဖက်များအကြား ဆက်ဆံရေးမပြေလည်ခြင်း၊ အထက်အရာရှိနှင့် ဝန်ထမ်းအကြား နားလည်မှုလွဲမှားခြင်း၊ လုပ်ငန်းတာဝန်နှင့် ကိုယ်ပိုင်ဘဝအကြား မျှတမှုမရှိခြင်းတို့ကြောင့် စိတ်ဖိစီးမှုများလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

> **ပျော်ရွှင်သောလုပ်ငန်းခွင်ဆိုသည်မှာ အလုပ်တာဝန်များမရှိသောနေရာ၊ ဖိအားလုံးဝမရှိသောနေရာကို ဆိုလိုခြင်းမဟုတ်ပါ။ တာဝန်များရှိသော်လည်း မိမိလုပ်ဆောင်နေသောအလုပ်က အဓိပ္ပာယ်ရှိကြောင်း ခံစားရခြင်း၊ မိမိ၏ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုခံရခြင်း၊ အခက်အခဲရှိပါက တိုင်ပင်ဆွေးနွေးနိုင်မည့်သူများရှိခြင်းနှင့် မိမိ၏အမြင်ကို လွတ်လပ်စွာပြောဆိုနိုင်ခြင်းတို့ရှိသည့် လုပ်ငန်းခွင်ကို ပျော်ရွှင်သောလုပ်ငန်းခွင်ဟုဆို**

**စိတ်ဖိစီးမှု၏အကြောင်းရင်းများ**

စိတ်ဖိစီးမှုဆိုသည်မှာ အလုပ်များနေခြင်းတစ်ခုတည်းကို ဆိုလိုခြင်းမဟုတ်ပါ။ မိမိလုပ်ဆောင်နေသော အလုပ်အပေါ် ထိန်းချုပ်နိုင်မှုမရှိခြင်း၊ မိမိ၏ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုမခံရခြင်း၊ မိမိ၏အမြင်ကို ထုတ်ဖော်ပြောဆိုခွင့်မရှိခြင်းနှင့် မိမိအပေါ် နားလည်မှုမရှိဟုခံစားရခြင်းတို့သည်လည်း စိတ်ဖိစီးမှု၏အကြောင်းရင်းများ ဖြစ်နိုင်ပါသည်။

စိတ်ဖိစီးမှုသည် ဝန်ထမ်းတစ်ဦး၏ ကိုယ်ခန္ဓာကျန်းမာရေးကိုသာမက စိတ်ပိုင်းဆိုင်ရာနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကိုလည်း ထိခိုက်စေနိုင်ပါသည်။ အလုပ်အပေါ် စိတ်ဝင်စားမှုလျော့နည်းလာခြင်း၊ အာရုံစူးစိုက်ရန်ခက်ခဲခြင်း၊ အမှားအယွင်းများလာခြင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်ဆံရေးတင်းမာလာခြင်းတို့ဖြစ်ပေါ်လာနိုင်ပြီး စိတ်ဖိစီးမှုများ ရေရှည်ဖြစ်ပေါ်လာပါက Burnout ဟုခေါ်သော အလုပ်ပင်ပန်းနွမ်းနယ်မှုလည်း ဖြစ်စေနိုင်ပါသည်။ ထိုအခြေအနေတွင် "အလုပ်လုပ်ချင်စိတ်မရှိတော့ခြင်း၊ မိမိလုပ်ဆောင်နေသည့် အလုပ်အပေါ် အဓိပ္ပာယ်မရှိသလို ခံစားလာခြင်း" စသည့်အခြေအနေများ ဖြစ်လာနိုင်ပါသည်။

ထို့ကြောင့် ဝန်ထမ်းများ၏စိတ်ဖိစီးမှုကို လျှော့ချခြင်းသည် ဝန်ထမ်းတစ်ဦးချင်းစီအတွက်သာမက အဖွဲ့အစည်းတစ်ခုလုံးအတွက် အရေးကြီးသည့် လုပ်ဆောင်ချက်ဖြစ်ပါသည်။ စိတ်ဖိစီးမှုကင်းပြီး ပျော်ရွှင်သောလုပ်ငန်းခွင်ဖြစ်ဖို့အတွက် ကာယကံရှင်တစ်ဦးတည်းတွင် တာဝန်ရှိသည်မဟုတ်ဘဲ အဖွဲ့အစည်းကို ဦးဆောင်ဦးရွက်ပြုသူ ခေါင်းဆောင်မှုသည် ဝန်ထမ်းအားလုံးတွင် တာဝန်ရှိသည်လည်းဖြစ်ပါသည်။

**ပျော်ရွှင်သောလုပ်ငန်းခွင်ဆိုသည်မှာ အလုပ်တာဝန်များမရှိသောနေရာ၊ ဖိအားလုံးဝမရှိသောနေရာကို ဆိုလိုခြင်းမဟုတ်ပါ။ တာဝန်များရှိသော်လည်း မိမိလုပ်ဆောင်နေသောအလုပ်က အဓိပ္ပာယ်ရှိကြောင်း ခံစားရခြင်း၊ မိမိ၏ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုခံရခြင်း၊ အခက်အခဲရှိပါက တိုင်ပင်ဆွေးနွေးနိုင်မည့်သူများရှိခြင်းနှင့် မိမိ၏အမြင်ကို လွတ်လပ်စွာ ပြောဆိုနိုင်ခြင်းတို့ရှိသည့် လုပ်ငန်းခွင်ကို ပျော်ရွှင်သောလုပ်ငန်းခွင်ဟု ဆိုနိုင်ပါသည်။**

အထူးသဖြင့် ယုံကြည်မှုသည် လုပ်ငန်းခွင်ပျော်ရွှင်မှု၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ အထက်အရာရှိများအနေဖြင့် ဝန်ထမ်းများကို ယုံကြည်ပြီး တာဝန်ပေးအပ်ခြင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့၏ခေါင်းဆောင်များနှင့် အဖွဲ့အစည်းအပေါ် ယုံကြည်မှုရှိခြင်းသည် လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုကိုလျော့နည်းစေပြီး အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်သည်လည်းဖြစ်ပါသည်။

**လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုလျော့နည်းစေရန် ခေါင်းဆောင်များ၏ အခန်းကဏ္ဍက အလွန်အရေးကြီးပါသည်။ ဝန်ထမ်းတစ်ဦး အမှားလုပ်မိသည့်အခါ အပြစ်တင်ခြင်းထက် ဘာကြောင့်ဖြစ်ရသည်ကို နားလည်ရန်ကြိုးစားပေးခြင်း၊ အခက်အခဲကြုံတွေ့နေသည့်ဝန်ထမ်းကို နားထောင်ပေးခြင်း၊ ကောင်းမွန်စွာလုပ်ဆောင်နိုင်သည့်အခါ အသိအမှတ်ပြုခြင်းနှင့် တာဝန်များကို သင့်တင့်မျှတစွာ ခွဲဝေပေးခြင်းတို့သည် ထိရောက်သောခေါင်းဆောင်မှု၏ လက္ခဏာများဖြစ်ပါသည်။**

**လူသားဆန်သောလိုအပ်ချက်များကိုလည်း နားလည်ပေးရန်လို**

ဝန်ထမ်းများသည် စက်ပစ္စည်းများမဟုတ်ကြပါ။ သူတို့တွင် ခံစားချက်၊ မျှော်လင့်ချက်၊ အိပ်မက်နှင့် မိသားစုဘဝများရှိကြသည်။ ထို့ကြောင့် လုပ်ငန်းစွမ်းဆောင်ရည်ကိုမြှင့်တင်လိုသော အဖွဲ့အစည်းတစ်ခုသည် ဝန်ထမ်းများ၏ လူသားဆန်သောလိုအပ်ချက်များကိုလည်း နားလည်ပေးရန် လိုအပ်ပါသည်။

ဝန်ထမ်းဖြစ်သူကိုယ်တိုင်လည်း စိတ်ဖိစီးမှုလျှော့ချရန် လိုအပ်ပါသည်။ အလုပ်ကိုဦးစားပေးစီမံခြင်း၊ မလိုအပ်သောအလုပ်များကို လျှော့ချခြင်း၊ သင့်တင့်စွာအနားယူခြင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့် ပွင့်လင်းစွာဆက်သွယ်ခြင်းနှင့် မိမိမနိုင်သောအလုပ်များကို သင့်တင့်စွာတင်ပြတောင်းဆိုခြင်းတို့သည် စိတ်ဖိစီးမှုကို လျော့နည်းစေနိုင်သည့် ဆောင်ရွက်ချက်များဖြစ်ပါသည်။

"အလုပ်အားလုံးကို တစ်ယောက်တည်းလုပ်မည်"ဟူသော စိတ်ထားသည် စိတ်ဖိစီးမှုကို ပိုမိုတိုးပွားစေနိုင်ပြီး တစ်ယောက်တည်းလုပ်ဆောင်ခြင်းထက် အဖွဲ့လိုက်လုပ်ဆောင်ခြင်းက တစ်ဦး၏ဝန်ကို တစ်ဦးက မျှဝေထမ်းပိုးပေးနိုင်ကြောင်း ကောင်းစွာနားလည်ထားရမည်ဖြစ်ပါသည်။

ဝန်ထမ်းများစိတ်ချမ်းသာပြီး လုပ်ငန်းခွင်တွင် ပျော်ရွှင်ပါက အလုပ်အပေါ် စိတ်ဝင်စားမှုနှင့် တာဝန်ယူမှုများ ပိုမိုမြင့်မားလာနိုင်ပြီး ထိုမှတစ်ဆင့် တီထွင်ဖန်တီးနိုင်စွမ်း၊ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာနိုင်သည် ဖြစ်ရာ အဖွဲ့အစည်းတစ်ခုအနေဖြင့် **"ဝန်ထမ်းတွေ အလုပ်ပြီးအောင်လုပ်နေကြသလား"**ဆိုသည့် မေးခွန်းတစ်ခုတည်းကို မေးရန်မလုံလောက်တော့ပါ။ **"ဝန်ထမ်းတွေ ဒီအလုပ်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ လုပ်နိုင်ကြရဲ့လား"**ဆိုသည့်မေးခွန်းကိုလည်း မေးရန်လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝန်ထမ်းများ၏ ပျော်ရွှင်မှုသည် အဖွဲ့အစည်း၏အောင်မြင်မှုနှင့် တိုက်ရိုက်ဆက်နွှယ်နေသောကြောင့်ဖြစ်သည်။

အချုပ်အားဖြင့် ဝန်ထမ်းများ၏ပျော်ရွှင်မှု၊ လုံခြုံမှုနှင့် စိတ်ကျေနပ်မှုတို့သည် အဖွဲ့အစည်း၏ ရေရှည်အောင်မြင်မှုနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ ထို့ကြောင့် ယုံကြည်မှု၊ လေးစားမှုနှင့် နားလည်မှုတို့ကို အခြေခံ၍ စိတ်ဖိစီးမှုကင်းပြီး အားလုံးအတွက် အဆင်ပြေသော လုပ်ငန်းခွင်တစ်ရပ် ဖန်တီးပေးခြင်းသည် အဖွဲ့အစည်းတိုင်း၏တာဝန်တစ်ရပ်ဖြစ်သကဲ့သို့ ဝန်ထမ်းများ၏ပျော်ရွှင်မှုကို အဖွဲ့အစည်းအောင်မြင်ရေးအတွက် အရေးပါသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အဖြစ် အလေးထားဆောင်ရွက်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ကြေးမုံ စာအုပ်စင်

## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

### မြန်မာ့နိုင်ငံရေး လက်ရှိအခြေအနေနှင့် ကျွန်တော့်အမြင် ၁၉၈၈-၂၀၂၅

ဗိုလ်မှူးကြီးဟောင်း လှမင်း ရေးသားသည့် မြန်မာ့နိုင်ငံရေး လက်ရှိအခြေအနေနှင့် ကျွန်တော့်အမြင် ၁၉၈၈ -၂၀၂၅ စာအုပ်ထွက်ရှိလာသည်။




စာအုပ်တွင် ပထဝီအနေအထား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးများ ပျံ့နှံ့နေထိုင်မှုအခြေအနေနှင့် ပြည်နယ်/တိုင်းဒေသကြီးများအလိုက် အကျယ်အဝန်း၊ ပြည်နယ်များအလိုက် တိုင်းရင်းသားလူမျိုးစုကြီးများ ပျံ့နှံ့နေထိုင်မှုအခြေအနေ၊ တိုင်းဒေသကြီး များအလိုက် တိုင်းရင်းသားလူမျိုးစုကြီးများ ပျံ့နှံ့နေထိုင်မှုအခြေအနေ၊ လွတ်လပ်ရေးမတိုင်မီကာလ၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ရေးဆွဲခြင်း၊ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲနေသော မြန်မာနိုင်ငံ၊ နိုင်ငံတော်၏ရွေ့သွားမည့်မူဝါဒလမ်းစဉ် စသည့်ခေါင်းစဉ်များအပါအဝင် စာရေးသူက ရေးသားပြုစုတင်ပြထားသည့် ဆောင်းပါး ၄၇ ပုဒ်ဖြင့် အဋ္ဌမအကြိမ် ရိုက်နှိပ်ထုတ်ဝေသည်။

စာအုပ်ကို ဦးတက်ထွန်းတိုး(၀၁၈၆၉)က ထုတ်ဝေပြီး STARS EMPIRE One Stop Printing Services အမှတ်(၇၉/၈၁) ၅၆ လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့၌ ပုံနှိပ်ကာ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ကျောင်းသူကလေးငယ်တစ်ဦးအား သတ်ဖြတ်၍ ရွှေနားကွင်းလုယက်ယူဆောင်သူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့နယ်၌ ကျောင်းသူကလေးငယ်တစ်ဦးကို သတ်ဖြတ်၍ ရွှေနားကွင်းအား လုယက်ယူဆောင်သူ စန်းနိုင် (၅၅) နှစ်အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် မအူပင်မြို့နယ် ပန်းတောကျေးရွာနေ Grade-5 ကျောင်းသူ မဆောင်းနှင်းဖြူ (၁၁)နှစ်သည် တစ်ရွာတည်းနေ ဆရာမဖြစ်သူ၏ နေအိမ်သို့ကျူရှင်တက်ရန် ထွက်ခွာသွားရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် မိသားစုဝင်များက လိုက်လံရှာဖွေခဲ့ရာ ပန်းတောကျေးရွာလမ်းဘေးရှိ ဝါးရုံပင်အောက်၌ မဆောင်းနှင်းဖြူအား လည်ပင်းတွင် အဝတ်စဖြင့် ချည်နှောင်လျက် သေဆုံးနေသည်ကိုတွေ့ရှိခဲ့သဖြင့် ဖခင်ဖြစ်သူ ဦးဝင်းဖြိုးအောင်က ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်အရေးယူပေးပါရန် တာလပေါ်နယ်မြေရဲစခန်း၌ တိုင်တန်း အမှုဖွင့်ခဲ့သည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မအူပင်မြို့နယ် ပန်းတောကျေးရွာနေ စန်းနိုင်(၅၅)နှစ်အား ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ စက်တင်ဘာ ၁၃ ရက် ညနေ ၆ နာရီတွင် ပြစ်မှုကျူးလွန်သူ စန်းနိုင်သည် နေအိမ်ရှေ့ တာလမ်းပေါ်၌ ကျူရှင်မှ ပြန်လာသည့် မဆောင်းနှင်းဖြူအားတွေ့ရှိ၍ ဝတ်ဆင်ထားသည့် နားကွင်းအားဖြုတ်ယူရာ အော်ဟစ်ရုန်းကန်သဖြင့် နားနှစ်ဖက်အား စုံကိုင်လှည့်လိုက်စဉ် မဆောင်းနှင်းဖြူမှာ ဇက်လည်ကာ လဲကျသေဆုံးသွားခဲ့ကြောင်း၊ ထို့နောက် လည်ပင်းအား အဝတ်စဖြင့်ချည်၍ လမ်းဘေးရှိ ဝါးရုံပင်အောက်တွင် ထားရှိပြီး ဝတ်ဆင်ထားသည့် အလေးချိန် ၁ ပဲ ၃ ရွေးခန့်ရှိ ရွှေနားကွင်း တစ်ရန်အား ဖြုတ်ယူခဲ့ကြောင်း ဖော်ထုတ်သိရှိရကာ သက်သေခံပစ္စည်း ရွှေနားကွင်းကို ၎င်း၏နေအိမ်၌ သိမ်းဆည်းရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ စန်းနိုင်အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူ စန်းနိုင်(၅၅)နှစ်

သတင်းစဉ်

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၅

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက အမှာစကားပြောကြား၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် အားကစား သမားများက အားကစား သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများ အား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြကာ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များအား ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ အုပ်ချုပ်သူများ/နည်းပြများ၊ အားကစားသမားများ နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ဒလမြို့နယ်၌ လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော



ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဒလမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ဌာနဆိုင်ရာတို့ ပူးပေါင်းကျင်းပသော လူမှောင်ခို၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဒလမြို့နယ် အထက(ပျော်ဘွယ်ကြီး)ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကား ပြောကြားပြီး ပျော်ဘွယ်ကြီးနယ်မြေ ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ် ကြည်စိုးနိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဥပဒေ ရုံးမှ ဥပဒေအရာရှိဒေါ်သက်ပွင့်ကျော်က လူကုန်ကူးမှုနှင့် ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များ၊ ဥပဒေအကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှ ဦးစီးအရာရှိ ဒေါ်သီတာဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးခြင်းနှင့်သက်ဆိုင်သည့် အကြောင်းအရာများအား ရှင်းလင်း ပြောကြားခဲ့ကြောင်းသိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

# အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ စက်တင်ဘာ ၂၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၁၅

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ လျက်ရှိသည့် အကြိမ် (၂၀)မြောက် အာရှ အားကစားပြိုင်ပွဲ၏ ပိုက်ကျော်ခြင်းပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက်မှ အောက်တိုဘာ ၃ ရက် အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာပိုက်ကျော်ခြင်း အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပိုက်ကျော်ခြင်းအားကစားနည်းတွင် ပြိုင်ပွဲ အမျိုးအစားခြောက်မျိုး ပါဝင်မည်ဖြစ်ပြီး မြန်မာပိုက်ကျော်ခြင်းအသင်းသည် အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသား လေးယောက် တွဲပြိုင်ပွဲနှင့် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ အသင်း ယှဉ်ပြိုင်မည့် ပြိုင်ပွဲအမျိုးအစား အုပ်စုခွဲဝေထားမှုအရ အမျိုးသား သုံးယောက် တွဲပြိုင်ပွဲ အုပ်စု (A) တွင် ထိုင်း၊ ဖိလစ်ပိုင်၊ ဂျပန်၊ အုပ်စု (B) တွင် မလေးရှား၊ ဗီယက်နမ်၊ မြန်မာ၊ အမျိုးသား လေးယောက်တွဲပြိုင်ပွဲ အုပ်စု (A) တွင် မြန်မာ၊ လာအို၊ အိန္ဒိယ၊ ဗီယက်နမ်၊ အုပ်စု (B) တွင် အင်ဒိုနီးရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဂျပန်၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ အုပ်စု (A) တွင် ဗီယက်နမ်၊ မလေးရှား၊ မြန်မာ၊ လာအို၊ အုပ်စု (B) တွင် ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ အိန္ဒိယနှင့် ဂျပန် အသင်းတို့ ပါဝင်နေသည်။ မြန်မာပိုက်ကျော် ခြင်းအသင်းသည် အမျိုးသားလေးယောက်တွဲ ပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းဖြစ်ပြီး ရွှေတံဆိပ်ဆု ကာကွယ်နိုင်ရေး ကြိုးပမ်းရမည် ဖြစ်သည်။

**ရှိုင်းထက်ဇော်**

**☆ အာဆီယံကလပ်မှ**

အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် ဘူရီရမ်ယူနိုက်တက် (ထိုင်း)၊ ရတ်ချာဘူရီ (ထိုင်း)၊ ကူချင်းစီးတီး (မလေးရှား)၊ တမ်ပနိစ်ရိုဗာ (စင်ကာပူ)၊ ကောင်အန်ဟိုချီမင်းစီးတီး (ဗီယက်နမ်)၊ ဘော်နီယို (အင်ဒိုနီးရှား)၊ မနီလာဒီဂါ (ဖိလစ်ပိုင်)၊ အုပ်စု (B) တွင် Port (ထိုင်း)၊ ဂျိုဟိုးဒါရူးလ် (မလေးရှား)၊ Lion City Sailors (စင်ကာပူ)၊ ကောင်အန်ဟန်နွိုင်း (ဗီယက်နမ်)၊ ပါဆစ် (အင်ဒိုနီးရှား)၊ PKR Svay Rieng (ကမ္ဘောဒီးယား) နှင့် ရှမ်းယူနိုက်တက် (မြန်မာ) တို့ ပါဝင်သည်။ ရှမ်းယူနိုက်တက်အသင်း သည် ယင်းပြိုင်ပွဲတွင် နောက်ဆုံး သုံးရာသီဆက်တိုက် ဝင်ခွင့်ရခြင်း ဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် ရလဒ်ဆိုးရွားထားမှုကို ရပ်တန့်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

အုပ်စုပွဲများကို အောက်တိုဘာလတွင် စတင်ကျင်းပမည်ဖြစ်သော်လည်း ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပွဲများကို နိုဝင်ဘာလမှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု ပထမပွဲအဖြစ် နိုဝင်ဘာ ၁၉ ရက်တွင် အင်ဒိုနီးရှားကလပ် ပါဆစ်အသင်း နှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲတွင် လာအိုကလပ် Ezra အသင်းနှင့် နှစ်ကျော့ပေါင်း သုံးဂိုးစီသရေကျနေသဖြင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-AFF**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်

နေပြည်တော် စက်တင်ဘာ ၁၅

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့် လည်းကောင်း၊ ယနေ့နံနက်မှ စက်တင်ဘာ ၁၉ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**✦ အကြိမ်(၂၀)မြောက်မှ**

"Zanaka အသင်းက အာရှအားကစားပြိုင်ပွဲမှာ ပထမဆုံး ဝင်ရောက် ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ အာရှ ၁၂ နိုင်ငံမှာ ထိပ်သီးရှစ်နိုင်ငံနဲ့ ယှဉ်ပြိုင်သွားရဖို့ရှိပါတယ်။ အထူးသဖြင့် တရုတ်၊ ဂျပန်နဲ့ ဆော်ဒီအာရေဗျနိုင်ငံတွေနဲ့ အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ။ အကောင်းဆုံး ပြင်ဆင်ထားတာကြောင့် နိုင်ငံ့ဂုဏ်ဆောင်ဆုတွေရရှိဖို့ မျှော်မှန်းထားတယ်။ ပြိုင်ပွဲကာလမှာ ပြည်သူတွေအနေနဲ့ စောင့်ကြည့်အားပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်" ဟု မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ပြောသည်။

မြန်မာ့လက်ရွေးစင် Esports အားကစားအဖွဲ့ချုပ်မှ National Team Zanaka အသင်း Team Zanaka eFootball mobile အသင်းနှင့် console အသင်းတို့သည် စက်တင်ဘာ ၁၉ ရက်တွင် ဂျပန်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

ထို့အတူ စက်တင်ဘာ ၂၄ ရက်တွင် Honor of Kings (HOK) အသင်း၊ စက်တင်ဘာ ၂၅ ရက်တွင် PUBG Mobile အသင်း၊ စက်တင်ဘာ ၂၆ ရက်တွင် Mobile Legend (MLBB) အသင်းတို့သည်လည်း ဂျပန်နိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်ပြီး ပြိုင်ပွဲများတွင် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား ၂၁ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ KBZPay၊ U9၊ Lipovitan-D နှင့် SINODA တို့က ပူးပေါင်းပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ - ဖွဲ့မာန်**

## အမည်မှန်

ဦးအောင်ကိုမင်း၏ သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ပါရမီပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တက်ရောက်နေသော မလင်းလဲ့အောင်၏ အမည်မှန်မှာ မလင်းလက်အောင် ဖြစ်ပါကြောင်း။

**မလင်းလက်အောင်**

## အမည်ပြောင်း

မုံရွာမြို့၊ အမှတ်(၂၂)၊ အခြေခံပညာ မူလတန်းကျောင်း၊ ဆန်တန်း၊ Grade-2 မှ ဦးတင်အောင်မိုး၏ သမီး မယွန်းဖြူဖြူမိုးအား ယနေ့မှစ၍ မယွန်းသဒ္ဒါဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မယွန်းသဒ္ဒါဖြူ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၉၇၉/ခ)၊ မြရည်နန္ဒာလမ်း၊ အကျယ်အဝန်း(၂၀ပေx ၆၀ပေ)၊ (၁၂၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၂၇)ကေရှိ **(၁)ဒေါ်သိန်းသိန်းအေး**[၁၂/လမန(နိုင်)၀၄၁၅၄၇]၊ **(၂)ဒေါ်ရီရီအေး** [၁၂/မရက(နိုင်)၀၀၁၄၉၃]၊ **(၃)ဒေါ်နွယ်နွယ်အေး**[၁၂/ဒဂတ(နိုင်)၀၂၆၄၈၄]နှင့် **(၄)ဦးဟိန်းသူရထက်**[၁၂/ဒဂတ(နိုင်)၀၉၄၅၇၉]တို့ (၄)ဦး ပူးတွဲအမည်ပေါက်တည်ရှိသည့် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၁၀ပေx ၆၀ပေ)ရှိ မြေကွက်အမှတ်(၉၅၉/က)နှင့် ကပ်လျက်ဘက်ခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်တစ်ဦးဖြစ်သူ **ဦးဟိန်းသူရထက်**[၁၂/ဒဂတ(နိုင်)၀၉၄၅၇၉]ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ **ဒေါ်ခင်စော**[၁၁/ပဏက(နိုင်)၀၄၁၆၇၂]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့်ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးကျော်မြ**[၁၁/ကဖန(နိုင်)၀၅၅၁၄၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မြ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၉၂)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၄၅၀၀၂၅၄၁၅၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ သီဟသူ (၁၀)လမ်း၊ မြေကွက်အမှတ်(၄၃၃/က)၊ အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်လဲ့လဲ့စိုး [၁၂/ရကန(နိုင်)၀၀၂၉၄၄]မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးမာ [၁၀/မလမ(နိုင်)၁၂၉၄၀၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စိုးစိုးမာ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာအောင် (LL.B, D.I.L,D.B.L, Dip in HR )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၉၅၀)**
**အမှတ်- ၄၂ (ဒုတိယထပ်)၊ ၃၆-လမ်းတို ၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉- ၆၉၂၂၀၁၀၀၊ ၀၉- ၉၄၆၉၄၆၃၂၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/ရွှေနံ့သာအရှေ့ရပ်၊ မြေဧရိယာ(၀.၀၈၂)ကေ၊ မြေကွက်အမှတ်(ဥ-၁၅၁၅)၊ ဦးဌေး (ဘ) ဦးဘစံနှင့် ဒေါ်ခင်အေး (ဘ) ဦးမြသောင်းတို့၏ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးဌေး (ဘ) ဦးဘစံနှင့် ဒေါ်ခင်အေး (ဘ) ဦးမြသောင်းတို့မှ ဦးဇေယျာမင်းမင်း [၉/ရမသ(နိုင်)၁၀၅၂၅၄] (ဘ) ဦးမောင်မောင်၏ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုမြတ်စန္ဒီသော် [၁၂/သဃက(နိုင်)၁၆၃၃၉၁] ထံမှ ဦးဆန်းဝင်း [၁၂/တတန(နိုင်)၁၇၈၄၁၆]သည် တွံတေးခရိုင်၊ ကော့မှူးမြို့နယ်၊ ပိန္နဲကုန်းကျေးရွာ၊ ကွင်းအမှတ် (၂၈၂ / B )၊ ကွင်းအမည်- ဇရပ်ကုန်း (အနောက်)၊ ဦးပိုင်အမှတ် ($N_{၁၇/၂}$) ၊ ($N_{၁၁}$)၊ ကွင်းအမှတ်(၂၈/B ) ၊ ဦးပိုင်အမှတ် (၂/၃၄)၊ ပုံစံ (၇)အမည်ပေါက်-ဦးအောင်နိုင်ဦး ဥယျာဉ်ခြံမြေအမျိုးအစား အကျယ်အဝန်း (၄.၃၈ ဧက)၊ စုစုပေါင်း အကျယ်အဝန်း (၉.၅ ဧက)ရှိသော မြေ (၃)ကွက်အား (၂၅-၇-၂၀၂၆) ရက်နေ့တွင် ငွေကျပ် (၅၂၂,၅၀၀,၀၀၀/) ငွေကျပ် (ငါးထောင့်နှစ်ရာနှစ်ဆယ့်ငါးသိန်းတိတိ) ဖြင့် နှစ်ဦးသဘောတူ အရောင်းအဝယ်ပြုလုပ်ကြပြီး စရန်ငွေကျပ် (၂၀၀,၀၀,၀၀၀/ )ငွေကျပ် (သိန်းနှစ်ထောင်တိတိ) ပေးချေရမည့်နေ့တွင် ငွေကျပ် (၁၈၀,၀၀၀,၀၀၀/)ငွေကျပ် (သိန်းတစ်ထောင့်ရှစ်ရာတိတိ)သာ ဝယ်ယူသူ ဦးဆန်းဝင်းဘက်မှပေးချေထားခဲ့ပါသည်။ နောက်ဆုံးကျန်ငွေပေးချေရမည့်နေ့ဖြစ်သော (၃၁-၁၀-၂၀၂၆ )ရက်နေ့တွင် ငွေကျပ် (၂၀,၀၀၀,၀၀၀/) ငွေကျပ် (သိန်းနှစ်ရာတိတိ) + ငွေကျပ် (၃၂၂,၅၀၀,၀၀၀/)ငွေကျပ် (သုံးထောင့်နှစ်ရာနှစ်ဆယ့်ငါးသိန်းတိတိ ) ကို ပေးချေရန်ပျက်ကွက်ပါက စာချုပ်ပါစည်းကမ်းချက်အတိုင်း စရန်ငွေဆုံးရှုံးပြီး မြေကွက်နှင့်သက်ဆိုင်မှုမရှိပါကြောင်းကို အကြောင်းကြားအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ကျန်စရန်ငွေပေးချေရန်နှင့် စရန်ကြီးစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဝယ်ယူသူဦးဆန်းဝင်းကို ဖုန်းအကြိမ်ကြိမ်ခေါ်ဆိုနေပါသော်လည်း ဖုန်းကိုလက်ခံဖြေကြားခြင်း မရှိခဲ့ပါ။ သို့ဖြစ်ပါ၍ (၃၁-၁၀-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ ဦးဆန်းဝင်းဘက်မှ ဆက်သွယ်ပြီး ငွေပေးချေရန်ပျက်ကွက်မှုရှိခဲ့ပါလျှင် စာချုပ်ပါအတိုင်း ပေးချေထားသော စရန်ငွေနှင့် မြေကွက်ကို ဆုံးရှုံးမည်ဖြစ်ကြောင်းကို အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LL.B, WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မုံရွာမြို့၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ အိုးဘိုတောင်ကျောင်း Grade-6 မှ မောင်အာကာကျော်၊ Grade-1 မှ မချစ်စုဝင်းတို့၏ ဖခင်အမည်မှန်မှာဦးဝင်းမိုး [၅/မရန(နိုင်) ၂၀၆၁၅၆]ဖြစ်ပြီး မောင်အာကာကျော် ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၇-၁၀-၂၀၁၃ ဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အ.ထ.က(ခွဲ)န/ ကျောက်ဖူးကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်ခင်ဝေ (ဒုတိယအလယ်တန်းပြ) [၉/မထလ(နိုင်)၁၈၂၃၀၅]၏ ဖခင်မှာ ဦးကုလားနှင့် ဦးကုလားကြီး [၉/မထလ(နိုင်)၁၄၈၁၀၆] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့ ဇွဲပိုင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မောင်ဝေဖြိုးအောင်၏ ဖခင်အမည်မှာ ဦးပြေကျော်ဝင်း(ခ) ဦးပြည့်ကျော်ဝင်း [၉/ရမသ(နိုင်) ၁၂၀၁၆၂]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ သင်ပန်းကုန်းအုပ်စု၊ သင်ပန်းကုန်းကျေးရွာနေ၊ ကြည်တော်ကုန်း(အမက) ကျောင်းအုပ်ဆရာကြီး ဦးမျိုးသိန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၄-၁၉၆၈ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ လောင်းလုံလမ်း၊ အမှတ်(၂၅၃)တွင် (၂)ခန်းတွဲ(၆)ထပ်တိုက် (Pitch Roof)(အခန်းပေါင်း၁၂ခန်း)အဆောက်အအုံဆောက်လုပ်ခွင့်ပြုထားခြင်းအား မူလခွင့်ပြု(၂)ခန်းတွဲ(၆)ထပ်တိုက်မှ (၁)ခန်းတည်း(၆)ထပ်တိုက်သို့ပုံစံပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်ဦးထင်အောင်၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာဦးရဲရင့်(RSE-0610)နှင့်လိုင်စင်ရကန်ထရိုက်တာဦးစိုးမိုးဝင်း(LC-1321)တို့မှ Revised Plan လျှောက်ထားလာခြင်း နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀)
## ဇီးကုန်းမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၅

ဦးအောင်ဟန်ဦး နှင့် ဒေါ်ကြည်ကြည်ဝင်း
**(တရားလို)** — **(တရားပြိုင်)**

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဂုံးလမ်း၊ အိမ်အမှတ်(၄)နေ တရားပြိုင် ဒေါ်ကြည်ကြည်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် (၁၃၈၈ခုနှစ်၊ တော်သလင်းလဆုတ် ၃ ရက်) နေ့ မွန်းမတည့်မီ (၁၀) နာရီအချိန်တွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်မည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေရီခိုင်)**
**မြို့နယ်တရားသူကြီး**
**ဇီးကုန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀ ၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၈

ဒေါ်မိုးမိုးဇော် နှင့် ဦးမြအောင်
**တရားလို** — **တရားပြိုင်**

ယခင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ ဇာနည်(၁၀)လမ်း၊ အမှတ်(၄၁၂/ခ)နေ တရားပြိုင် ဦးမြအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် (၁)စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀ ၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းထွဋ်အောင်)**
**ခရိုင်တရားသူကြီး**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၆)၊ ဦးရွှေမောင်လမ်း၊ မြေကွက်အမှတ်(၃၇၆)၊ မြေအမျိုးအစား-နှစ်(၆၀)မြေငှားဂရန်မြေ၊ မြေအမည်ပေါက်-ဒေါ်တင်အေး [၁၂/သဃက(နိုင်)၀၆၈၀၈၆]၊ ဦးအောင်သန်းအေး [၁၂/ဥကမ(နိုင်)၀၈၁၁၉၇]၊ အကျယ်အဝန်း-အလျား(၄၀)ပေx အနံ(၆၀)ပေရှိ မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း-အလျား(၂၀)ပေx အနံ(၆၀)ပေရှိ ဂရန်မိတ္တူ(ခြေရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုအပိုင်ရောင်းချသူ ဦးကျော်မျိုးလှိုင်ထွေး[၅/ အရတ(နိုင်)၁၃၇၁၁၀]မှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ပိုင်ဆိုင်လျက်ရှိသော အထက်ဖော်ပြပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အခြားသူတစ်ဦးတစ်ယောက်အား ထပ်မံရောင်းချခြင်းမပြုကြောင်း ဝန်ခံကတိပြု၍ အဆိုပါ မြေကွက်အား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်အမှုသည်က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (၁၂-၉-၂၀၂၆) ရက်နေ့တွင် စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ကြောင်းနှင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်သီတာဝင်း[၁၂/တတန(နိုင်)၁၇၅၅၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း** — **ဒေါ်အိအိကျော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)** — **အထက်တန်းရှေ့နေ(စဉ်-၅၃၂၀၆)**
**LL.B, MPA(Executive), D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)** — **LL.B, D.B.L, D.IP.L**
**တိုက်အမှတ်(၃၈၉)၊ စတုတ္ထထပ်၊ (၅)လွှာ၊ သုမေ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ရုံးဖုန်း - 09- 260087755, 09-421123477**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဆန်စက်လမ်းနှင့် ဖန်ချက်လမ်းကြား၊ အမှတ်(၈၉၅)၊ မုဒိတာအိမ်ရာ(၂)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ Lilf ပါ (၈ ½)ထပ်တိုက် (၂)လုံး၏ တိုက်ခန်းအမှတ်(2B-153)၊ မြေညီထပ် (၂၀' x ၄၀')၊ တိုက်ခန်းအမှတ်(2B-155)၊ မြေညီထပ် (၁၅' x ၄၀')၊ တိုက်ခန်းအမှတ်(2B-156)၊ မြေညီထပ် (၂၀' x ၄၀')ရှိသော တိုက်ခန်း (၃)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဦးရဲသူရမြင့် [၉/မထလ(နိုင်)၂၃၉၃၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပန်းမို့မို့[၇/တငန(နိုင်)၁၃၈၅၆၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း (၄၁)၊ (တ/၁၅) ရပ်ကွက်၊ မဟော်သဓာလမ်းသွယ်၊ အမှတ်(၁၂၄၀/က)၊ ဦးစိုးတင့် အမည်ပေါက်ဖြစ်သော ပါမစ်မြေအမျိုးအစား (ပေ ၂၀ x ပေ ၆၀) အကျယ်အဝန်းရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မာမာသီ [၁၂/ကတန(နိုင်)၀၃၃၂၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးအောင် [၁၂/တမန(နိုင်)၁၁၀၇၂၅]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသောကြောင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်လင်းထွေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၃၈၂၃၈)**
**ရုံး - ရွှေပြည်သာတရားရုံးရှေ့၊ ရှေ့နေများနားနေခန်း၊ ရွှေပြည်သာမြို့နယ်။ ဖုန်း - ၀၉- ၄၂၀၁၀၇၅၈၄**

## ဖခင်အမည်မှန်

ပဲခူးတိုင်း ဒေသကြီး၊ ညောင်လေးပင်မြို့၊ အ.ထ.က တော်ဝိ Grade-6 တွင် ပညာသင်ကြားနေသော မောင်ထူးသစ်လွင်၏ ဖခင်အမည်မှန်မှာ ဦးယဉ်ဌေး ဖြစ်ပါကြောင်း။

**ဦးယဉ်ဌေး**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသန်းလွင်၏ သမီး ဒေါ်စုမြတ်ဝေ [၁၁/သတန(နိုင်) ၀၇၂၄၂၆]၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၀၄၆၃၅၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဖ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁)၊ ဦးပိုင်အမှတ်(၃၁)၊ ၆၉x၇၀ ကြား၊ ၁၃၂x၁၃၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တာ၏ (GP ရရှိသူ ဦးထက်ထက်ဇော်)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၁၂၀၉/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝင်းဝင်းခိုင် [၉/ခမစ(နိုင်) ၀၀၁၀၄၄] က အမှုတွဲအမှတ် (၂၃၆၂/၂၀၂၆-၂၀၂၇) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊(၉)ရပ်ကွက်၊ အိမ်ကြီးလမ်း၊ အမှတ်(၂၈)တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ ပဉ္စမထပ်၊ (၆)လွှာ (တိုက်၏မျက်နှာမူရာဝဲဘက်ခြမ်း)၊ အကျယ်အဝန်း အလျား(၁၂.၅) ပေxအနံ(၅၀)ပေရှိ ရေ၊ မီးစုံတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်စိုးမိုး[၁၂/မဂတ(နိုင်)၀၅၀၉၄၀] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းကြေး ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေရီဆိုင်းသွယ် (LL.B,LL.M,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၉၂၈)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃-E)၊ (၃၅)လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၇၁၁၇၃၀၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၆၇၄)၊ ဧရိယာ(၀.၀၅၅)ကေရှိ ဒေါ်ခင်နွဲ့အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၈၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစံမင်း[၉/ပမန(နိုင်)၁၄၄၉၁၀]မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးကျော်သူအောင်(ဘ)ဦးအောင်သိန်း[၉/ကပတ(နိုင်)၁၉၃၇၆၈]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၁)၊ ဦးပိုင်အမှတ်(၆၁)၊ ၆၁x၆၂ကြား၊ ၁၂၀x၁၂၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်မြင့် [၅/ဆလက(နိုင်)၀၀၄၅၆၈]၏ (SP ရရှိသူ ဦးဝင်းသန့်ထွန်း) က အမှုတွဲအမှတ်(၂၃၆၁/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## ဒုတိယရဲအုပ်လောင်း(အမျိုးသား၊ အမျိုးသမီး)များ ခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လစာနှုန်းကျပ် (၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀)ဖြင့် ဒုတိယရဲအုပ်လောင်း (အမျိုးသား၊ အမျိုးသမီး)များ အဖြစ်လျှောက်ထားနိုင်သည်။

၂။ ဒုတိယရဲအုပ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယရဲအုပ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ**(လူပျို/အပျို)** ဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

(ဂ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ အင်ဂျင်နီယာဘွဲ့၊ မဟာဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်အထိ လျှောက်ထားနိုင်သည်။

(ဃ) **ပြည်သူ့စစ်မှုထမ်း တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး ပုံစံ-၁၂ လက်မှတ်ရရှိသူများသည်** ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် အသက် ၂၈ နှစ်ထက်မကျော်လွန်စေရ။ အင်ဂျင်နီယာဘွဲ့၊ မဟာဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၃ နှစ်အထိ လျှောက်ထားနိုင်သည်။

(င) (အမျိုးသား)များအတွက် အရပ်အမြင့် ၅ ပေ ၄ လက်မ၊ ရင်အုပ်နဂိုနေ ၃၂ လက်မနှင့် ကိုယ်အလေးချိန်အနည်းဆုံး ၁၁၀ ပေါင်ထက်မနည်း၊ ၁၄၀ ပေါင်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(အမျိုးသမီး)များအတွက် အရပ်အမြင့် ၅ ပေ ၃ လက်မနှင့် ကိုယ်အလေးချိန်အနည်းဆုံး ၉၅ ပေါင်ထက်မနည်း၊ ၁၄၀ ပေါင်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(စ) မျက်မှန်တပ်ဆင်ထားသူများ လျှောက်ထားရန်မလိုပါ။

၄။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် ၁၅-၉-၂၀၂၆ ရက်နေ့မှစ၍ ထုတ်ယူလျှောက်ထားနိုင်ပြီး ၁၅-၁၀-၂၀၂၆ ရက်နေ့ နောက်ဆုံးထား လျှောက်ထားရမည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ-

(က) ဘွဲ့လက်မှတ်မိတ္တူနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူ။

(ခ) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်။

(ဂ) အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ကြောင်း ဝန်ခံချက်။

(ဃ) ဒုတိယရဲအုပ်လောင်း သင်တန်းပြီးဆုံးပါက ဒုတိယရဲအုပ်အဆင့်တွင်လည်းကောင်း၊ ရဲအုပ်အဆင့်တွင်လည်းကောင်း၊ အနည်းဆုံး ၅ နှစ်မပြည့်မီ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နုတ်ထွက်ခွင့် တင်ပြခြင်းမပြုကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးထားသည့် ဝန်ခံချက်။

(င) ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံ(၁.၃" x ၁.၅" နောက်ခံအပြာရောင်)။

(စ) အလုပ်သမား မှတ်ပုံတင်မိတ္တူ။

(ဆ) တပ်မတော်ဆေးရုံ၊ ပြည်သူ့ဆေးရုံတို့မှ ပမာဏဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်။

(ဇ) ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ ရေးဖြေစာမေးပွဲ ဖြေဆိုရန် နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများမှ တစ်ဆင့် အကြောင်းကြားပါမည်။

၇။ ရေးဖြေစာမေးပွဲ ဖြေဆိုရာတွင် အသက်စိစစ်အတည်ပြုရန် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်(မူရင်း)၊ ပညာအရည်အချင်းစိစစ်ရန် ဘွဲ့လက်မှတ်မူရင်း (ဘွဲ့နှင်းသဘင်မကျင်းပရသေးပါက ဘွဲ့ရရှိကြောင်း ယာယီဘွဲ့ထောက်ခံစာမူရင်း) တင်ပြနိုင်ရမည်။

၈။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၉။ ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်မှသာ ဒုတိယရဲအုပ်လောင်းရွေးချယ်ရေးအဖွဲ့တွင် စစ်ဆေးခံရမည် ဖြစ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်ပညာရေးတက္ကသိုလ်
## (၅၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၂၄-၂၀၂၅ ပညာသင်နှစ်နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်များတွင် ရန်ကုန်ပညာရေး တက္ကသိုလ်မှ PhD၊ BEd(ပဉ္စမနှစ်) ၂၀၁၈ အောင်၊ BEd(ပဉ္စမနှစ်) အမှတ်စဉ်(၂၃) အောင်၊ ပညာရေးဒီပလိုမာ (စာပေးစာယူ) Dip.Ed အမှတ်စဉ်(၁)၊ MA(TEFL)၊ Dip(ECCD) အမှတ်စဉ်(၆) သင်တန်း ၊ Dip(ELTM) သင်တန်း ၊ ပညာရေးဒီပလိုမာသင်တန်း Diploma in Education (Dip.Ed) အမှတ်စဉ်(၂)၊ (PGDip.Eng) Batch(3)၊ (PGDip.Eng) Batch(4) နှင့် (PGDip. Eng) Batch(5) တို့တွင် ဖြေဆို အောင်မြင်ခဲ့သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

**ကျင်းပမည့်နေ့ - ၃၀-၁၀-၂၀၂၆(သောကြာနေ့) မှ ၃၁-၁၀-၂၀၂၆ (စနေနေ့)**

**ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်**

**ကျင်းပမည့်အချိန် - ၃၀-၁၀-၂၀၂၆(သောကြာနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

PhD(Ethe) (၈)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ နှင့် ၂၀၂၆ ခုနှစ် မေလ)၊ MA(TEFL) (၁၀)ဦး (၂၀၂၆ ခုနှစ် မေလ)၊ BEd(ပဉ္စမနှစ်) အမှတ်စဉ်(၁၈) အောင် (၂၈၀)ဦး(၂၀၂၅ ခုနှစ် နိုဝင်ဘာလ)၊ ပညာရေး ဒီပလိုမာသင်တန်း PGDip. Ed အမှတ်စဉ်(၂) (၁၀၂)ဦး(၂၀၂၅ ခုနှစ် ဒီဇင်ဘာလ)၊ ပညာရေး ဒီပလိုမာ(စာပေးစာယူ) Dip.Ed အမှတ်စဉ်(၁) သင်္ချာဘာသာရပ် အားလုံး(၁၉၀)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)နှင့် ဓာတုဗေဒဘာသာရပ်အားလုံး(၁၈၆)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)

**ကျင်းပမည့်အချိန် - ၃၀-၁၀-၂၀၂၆(သောကြာနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

PhD(Epsy) (၁၄)ဦး (၂၀၂၆ ခုနှစ် မေလ)၊ ပညာရေးဒီပလိုမာ(စာပေးစာယူ) Dip.Ed အမှတ်စဉ်(၁) အင်္ဂလိပ်စာဘာသာရပ်အားလုံး(၂၇၈)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)၊ ဇီဝဗေဒဘာသာရပ်အားလုံး (၁၈၁)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)၊ ဘောဂဗေဒဘာသာရပ်အားလုံး(၁၆၁)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ) နှင့် (PGDip.Eng) Batch(3) (၁၃၆)ဦး (၂၀၂၅ ခုနှစ် နိုဝင်ဘာလ)

**ကျင်းပမည့်အချိန် - ၃၁-၁၀-၂၀၂၆(စနေနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

PhD(Meth) (၉)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)၊ BEd(ပဉ္စမနှစ်) အမှတ်စဉ်(၂၃) အောင် (၂၈၇)ဦး(၂၀၂၅ ခုနှစ် နိုဝင်ဘာလ)၊ Dip(ECCD) အမှတ်စဉ်(၆) (၇၅)ဦး (၂၀၂၆ ခုနှစ် ဇွန်လ)၊ ပညာရေးဒီပလိုမာ(စာပေးစာယူ) Dip.Ed အမှတ်စဉ်(၁) ရူပဗေဒဘာသာရပ်အားလုံး(၂၃၉)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)နှင့် (PGDip.Eng) Batch(4) (၁၆၆)ဦး (၂၀၂၆ ခုနှစ် ဇွန်လ)

**ကျင်းပမည့်အချိန် - ၃၁-၁၀-၂၀၂၆(စနေနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

Dip(ELTM) (၄၇)ဦး (၂၀၂၆ ခုနှစ် ဧပြီလ)၊ ပညာရေးဒီပလိုမာ(စာပေးစာယူ) Dip.Ed အမှတ်စဉ်(၁) မြန်မာစာဘာသာရပ်အားလုံး(၂၀၂)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)၊ ပထဝီဝင်ဘာသာရပ် အားလုံး (၁၉၅)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)၊ သမိုင်းဘာသာရပ်အားလုံး(၁၆၀)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)နှင့် (PGDip.Eng) Batch(5) (၁၇၇)ဦး (၂၀၂၆ ခုနှစ် ဇွန်လ)

**အစမ်းလေ့ကျင့်မည့်ရက် - ၂၈-၁၀-၂၀၂၆(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

PhD(Ethe) (၈)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ နှင့် ၂၀၂၆ ခုနှစ် မေလ)၊ MA(TEFL) (၁၀)ဦး (၂၀၂၆ ခုနှစ် မေလ)၊ BEd(ပဉ္စမနှစ်) အမှတ်စဉ်(၁၈) အောင် (၂၈၀)ဦး(၂၀၂၅ ခုနှစ် နိုဝင်ဘာလ)၊ ပညာရေး ဒီပလိုမာသင်တန်း PGDip. Ed အမှတ်စဉ်(၂) (၁၀၂)ဦး(၂၀၂၅ ခုနှစ် ဒီဇင်ဘာလ)၊ ပညာရေး ဒီပလိုမာ(စာပေးစာယူ) Dip.Ed အမှတ်စဉ်(၁) သင်္ချာဘာသာရပ်အားလုံး(၁၉၀)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)နှင့် ဓာတုဗေဒဘာသာရပ်အားလုံး(၁၈၆)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)

**အစမ်းလေ့ကျင့်မည့်ရက် - ၂၈-၁၀-၂၀၂၆(ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

PhD(Epsy) (၁၄)ဦး (၂၀၂၆ ခုနှစ် မေလ)၊ ပညာရေးဒီပလိုမာ(စာပေးစာယူ) Dip.Ed အမှတ်စဉ်(၁) အင်္ဂလိပ်စာဘာသာရပ်အားလုံး(၂၇၈)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)၊ ဇီဝဗေဒဘာသာ ရပ်အားလုံး (၁၈၁)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)၊ ဘောဂဗေဒဘာသာရပ်အားလုံး(၁၆၁)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ) နှင့် (PGDip.Eng) Batch(3) (၁၃၆)ဦး (၂၀၂၅ ခုနှစ် နိုဝင်ဘာလ)

**အစမ်းလေ့ကျင့်မည့်ရက် - ၂၉-၁၀-၂၀၂၆(ကြာသပတေးနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

PhD(Meth) (၉)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)၊ BEd(ပဉ္စမနှစ်) အမှတ်စဉ်(၂၃) အောင် (၂၈၇)ဦး(၂၀၂၅ ခုနှစ် နိုဝင်ဘာလ)၊ Dip(ECCD) အမှတ်စဉ်(၆) (၇၅)ဦး (၂၀၂၆ ခုနှစ် ဇွန်လ)၊ ပညာရေးဒီပလိုမာ(စာပေးစာယူ) Dip.Ed အမှတ်စဉ်(၁) ရူပဗေဒဘာသာရပ်အားလုံး(၂၃၉)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)နှင့် (PGDip.Eng) Batch(4) (၁၆၆)ဦး (၂၀၂၆ ခုနှစ် ဇွန်လ)

**အစမ်းလေ့ကျင့်မည့်ရက် - ၂၉-၁၀-၂၀၂၆(ကြာသပတေးနေ့) မွန်းလွဲပိုင်း(၁၄:၀၀)နာရီ**

Dip(ELTM) (၄၇)ဦး (၂၀၂၆ ခုနှစ် ဧပြီလ)၊ ပညာရေးဒီပလိုမာ(စာပေးစာယူ) Dip.Ed အမှတ်စဉ်(၁) မြန်မာစာဘာသာရပ်အားလုံး(၂၀၂)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)၊ ပထဝီဝင်ဘာသာရပ် အားလုံး (၁၉၅)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)၊ သမိုင်းဘာသာရပ်အားလုံး(၁၆၀)ဦး (၂၀၂၆ ခုနှစ် ဇန်နဝါရီလ)နှင့် (PGDip.Eng) Batch(5) (၁၇၇)ဦး (၂၀၂၆ ခုနှစ် ဇွန်လ)

မှတ်ချက်။

(၁) တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင် အခမ်းအနားကို တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်ထက် နောက်(၁)လကြာမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(၂) အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ယူမည့် အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း ဝတ်စုံပြည့်နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီသော မြန်မာထဘီအင်္ကျီနှင့် တိုင်းရင်းသား ဝတ်စုံကို ဝတ်ဆင်ခွင့်ပြုသည်။

(၃) ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို (၂၇-၁၀-၂၀၂၆) (အင်္ဂါနေ့)မှ စတင်၍ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ထုတ်ပေးပါမည်။

(၄) အသေးစိတ်ကို ရန်ကုန်ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

### ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေငုဝါလမ်း၊ ရွှေစံပယ်ရိပ်မွန်အိမ်ရာဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၄)ထပ်တိုက် အဆောက်အဦ၏ တတိယထပ်၊ အခန်းအမှတ်(၈)၊ တိုက်အမှတ်(စီ)၊ အကျယ်အဝန်း(၁၁၇၅) စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအား အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ထားရှိ ပိုင်ဆိုင်လျက်ရှိကြောင်းနှင့် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်စိုးဟန် [၁၂/မဂတ(နိုင်)၀၉၀၅၄၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထားထားအေး [၁၂/လမန(နိုင်)၀၀၄၉၇၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းမြင့်မော် (LL.B,WIPO SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၀၈၁)**
**အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၀၅၁၀၈၀၀၊ ၀၉-၆၇၃၉၅၈၉၈၂**

### "အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသော်မျိုးထက်(ဘ) ဦးဝင်းအောင် [၁၂/တတန (နိုင်)၁၈၆၁၂၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရွှေဆံတော်ရပ်ကွက်၊ ရွှေဆံတော်(၃)လမ်း၊ အိမ်အမှတ်-ဆ/၁၇ရှိ အလျား(၆၀)ပေx အနံ(၂၀)ပေပေါ်တွင် ဆောက်လုပ်ထားသော Rc(၁)ထပ်တိုက်နေအိမ်နှင့် အဆိုပါအိမ်အတွင်းရှိ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးသော်မျိုးထက် (ဘ) ဦးဝင်းအောင် [၁၂/တတန (နိုင်)၁၈၆၁၂၈]နှင့် ၎င်း၏ညီဖြစ်သူ ဦးဟန်မျိုးထက် (ဘ) ဦးဝင်းအောင် [၁၂/တတန (နိုင်)၂၂၃၅၆၉]တို့ ညီအစ်ကိုနှစ်ဦး အတူတကွ ပိုင်ဆိုင်ကြသည်ဖြစ်၍ အဆိုပါ အိမ်နှင့်မြေအား ကျွန်ုပ်မိတ်ဆွေ ဦးသော်မျိုးထက်၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အဆိုပါနေအိမ်နှင့် သက်ဆိုင်ခြင်းမရှိသည့် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ နေထိုင်စေခြင်းတို့အား မပြုလုပ်ပါရန်နှင့် ထိုသို့ပြုလုပ်ပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကေသွယ်မြတ်သန့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၅၀၁)(၁၇-၅-၂၀၂၃)**
**အမှတ်(၁၅၈)၊ ဂန္ဓမာလမ်း၊ အုန်းပင်စုရပ်ကွက်၊ တွံတေးမြို့။**
**၀၉-၄၂၀၀၉၂၈၇၁**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၇-၂၀၂၆ရက်နေ့ထုတ် ဤသတင်းစာ စာမျက်နှာ(၂၇)တွင် ပါရှိသော နေပြည်တော်စည်ပင် ကန့်ကွက်ကြော်ငြာတွင် ဒေါ်ဝတ်ရည်အောင်[၁၄/ပသန(နိုင်)၁၇၃၆၈၇] အစား [၁၄/ငပတ(နိုင်) ၁၇၃၆၈၇] ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ ဦးအောင်ဇေယျ (၁၁)လမ်း၊ အမှတ်(၁၂၆၃/ခ)နေ ဦးတင်အေး [၁၂/ဒလန(နိုင်)၁၁၉၃၉၈]၏ သားဖြစ်သူ မောင်တင်နိုင်ဇော် [၁၂/ဒလန(နိုင်)၁၁၅၉၅၅] သည် မိဘ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း မောင်တင်နိုင်ဇော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်အေး [၁၂/ဒလန(နိုင်)၁၁၉၃၉၈]**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ကြည်စု)၊ မြေကွက်အမှတ်(၄၉၁)၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာ အမှတ်(၄၉၁)၊ အလင်းရောင်(၅)လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (၁) ဦးသောင်းရွှေ [၁၂/ဒပန (နိုင်) ၀၃၄၀၃၂]၊ (၂) ဦးမြငွေ့ [၁၂/ပဇတ (နိုင်) ၀၂၁၄၇၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးသောင်းရွှေ၊ ဦးမြငွေ့တို့အပေါ် တရားပြိုင်ထားကာ ဒေါ်မြမြမိုးမှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၂ဖြင့် ပဋိညာဉ်ပါအတိုင်း မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၇-၈-၂၀၂၄)ရက်စွဲပါ စီရင်ချက် ဒီကရီအမိန့်၊ တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၇၂/၂၀၂၄၏ (၁၇-၁၂-၂၀၂၄)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ (၉-၅-၂၀၂၅) ရက်စွဲပါစာအမှတ် - ၁၇၃ (က)/၁၃-၁/၂၀၂၅ဖြင့် ဘီလစ်ခန့်စာတို့အရ တရားရှုံးများကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး [၁၂/တမန (နိုင်) ၀၂၉၅၁၁]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



လိဒ်စ်ယူနိုက်တက်နှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

## နယူးကာဆယ်အသင်းကို အနိုင်ရပြီး လိဒ်စ်ယူနိုက်တက်အသင်း အမှတ်ပေးဇယား အဆင့်(၃)နေရာ တက်လှမ်း

ပရီမီယာလိဂ်ပွဲစဉ်(၄)ရဲ့ နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ လိဒ်စ်ယူနိုက်တက်အသင်းနဲ့ နယူးကာဆယ်အသင်းတို့ပွဲစဉ်မှာ လိဒ်စ်ယူနိုက်တက်အသင်းက ဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၃)နေရာကို တက်လှမ်းနိုင်ခဲ့ပါတယ်။

လိဒ်စ်ယူနိုက်တက်အသင်းက နယူးကာဆယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ လိဒ်စ်ယူနိုက်တက်အသင်းဟာ နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၄) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရှုံးပွဲ ရှိမှတ်အထိ စုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၃)နေရာမှာ ရပ်တည်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၄ သို့ ✣



## အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲများ အောက်တိုဘာလတွင် စတင်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၆-၂၀၂၇ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲအုပ်စုပွဲများကို အောက်တိုဘာလတွင် စတင်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုလျှင် အသင်းခုနစ်သင်းစီ ပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်တစ်သင်းလျှင် အုပ်စုခြောက်ပွဲကို အိမ်ကွင်းသုံးပွဲ၊ အဝေးကွင်းသုံးပွဲ ကစားရမည်ဖြစ်သည်။ ယခုရာသီတွင် ပြိုင်ပွဲဝင်အသင်းအရေအတွက် တိုးမြှင့်ထားသလို ကျင်းပသည့်ပုံစံလည်း အနည်းငယ်ပြောင်းလဲထားကာ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး လေးသင်းစီမှာ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ☆

## သီပေါမြို့နယ် နမ့်ခမ်းကျေးရွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ




ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြပုံ။

နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံတော် အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ် တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့် အပြင်

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❂

## အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲသို့ Esports အားကစားအဖွဲ့ချုပ်မှ မြန်မာနိုင်ငံကိုယ်စားပြု National Team Zanaka အသင်း သွားရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၁၅

ဂျပန်နိုင်ငံ အိုက်ချီ-နာဂိုယာမြို့(Aichi-Nagoya, Japan)၌ စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပမည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် Esports အားကစားအဖွဲ့ချုပ်မှ National Team Zanaka အသင်း သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယနေ့ညနေပိုင်းက ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပသည့် မီဒီယာမိတ်ဆက်ပွဲမှ သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Esports အသင်းသည် Honor of Kings (HOK)၊ PUBG Mobile (PUBGM)၊ Mobile Legends: Bang Bang (MLBB)၊ eFootball Mobile နှင့် eFootball Console အစရှိသည့် အားကစားနည်းငါးမျိုးကို ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အိမ်ရှင်ဂျပန်နိုင်ငံအပါအဝင် တောင်ကိုရီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဆော်ဒီအာရေဗျ၊ အီရန်စသည့်နိုင်ငံများနှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ✦




### ယနေ့ဖတ်စရာ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်သူ တရားခံ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၃ ဦး တို့အား သက်သေခံပစ္စည်းနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

စာမျက်နှာ » ၁၄

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား လေးဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

စာမျက်နှာ » ၁၅

အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ စက်တင်ဘာ ၂၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း ဝင်ရောက် ယှဉ်ပြိုင်မည်

စာမျက်နှာ » ၁၈